


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# မျက်ရည်ကျတဲ့ဇာတ်ကို သိမ်းကြပါ

(၁၁)

ကုမာရကဿပမယ်တော်

ဟောကြားသည့်နေ့
၈ - ၁၀ - ၅၆

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့တွင်ဟောကြားတော်မူသောတရားတော်

# မျက်ရည်ကျတဲ့ဓာတ်ကို
# သိမ်းကြပါ

THITSARPARAMI LIBRARY
Date ..........................

(၈–၁၀–၅၆)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# မျက်ရည်ကျတဲ့ဇာတ်ကို သိမ်းကြပါ

(ကုမာရကဿပဓမ္မဿ)
(၈-၁၀-၅၆)

ရေနစ်တဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ ရေမျောတဲ့ပုဂ္ဂိုလ်ဖြစ်စေ၊ အဆွဲမှားလို့ရှိရင် သစ်ကိုင်းခြောက်ဆွဲမိရင် ပြုတ်ကျတာပဲ၊ ရေမျောလာတဲ့ ပုဂ္ဂိုလ်လည်း ထို့အတူပဲတဲ့ မိရာဖမ်းဆွဲ ငြားသော်လည်း၊ သစ်ပင်မခိုင်လို့ရှိရင် ဒီသစ်ပင်ကပဲ ဆွဲရာ ပုဂ္ဂိုလ်ပြန်ပိသေးတယ်။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော တော်မူတယ်၊ ဘယ်လိုဟောတော်မူသလဲဆိုတော့ ဒကာ ဒကာမတို့ ဖြစ်စဉ်ဟာတဲ့ ဆရာကောင်းသမားကောင်း မတွေ့ မကြုံပြီဆိုမှုဖြင့် စွဲမိစွဲရာစွဲလမ်းမိလမ်းရာလမ်းဆိုသလို စွဲလမ်း မှုတွေနဲ့ အချိန်ကုန်ပြီးသကာလနေကြမယ်ဆိုရင်ဖြင့် သူတို့

ဆွဲလို့ သူတို့ဆွဲကိုင်ရာနဲ့ သူတို့ပါပြီးသကာလ သူတို့ပဲ ဒုက္ခ ရောက်မဟော့လို့ ဘုရားကဟောတော်မူတယ်။

ဥပမာဘယ်လိုဟောတော်မူသတုံးဆိုတော့ အရှေ့ဘက်ကနေပြီးသကာလ အင်မတန်ပြင်းထန်လှစွာသော ရေကြီးစီးပြီး ချောင်းကြီးထဲကိုရောက်အောင် မသိမလိမ်မာတဲ့ ပုဂ္ဂိုလ်တစ်ဦး၊ တစ်ယောက်ကရေအယဉ်မှန်း မသိလို့ ဇတ်ဆို ရေထဲရောက်ပြီးသကာလ လာခဲ့တယ် (မှန်ပါ့)။

ရေကအင်မတန် အစီးကြမ်းပြီးသကာလနေတော့ ရေကို ရေမှန်းမသိလို့ ဆင်းလာပြီဆိုတော့ ရေထဲရောက်တဲ့ အခါ ရေသည်အင်မတန် အစီးသန်သည်ဖြစ်လေသော ကြောင့် ရေထဲမှာမျောရှာတယ်။

## ရေမှန်းမသိလို့ဆင်းလာတယ်

ရေ၊ ရေမှန်းမသိလို့ ဆင်းလာတာကိုး ဆင်းလာတဲ့ အခါကျတော့ ရေကအစီးကသန်၊ ရေစီးကသန်တော့ သူက ရေထဲမျော၊ မျောတဲ့အခါကျတော့ ရေမျောတဲ့ပုဂ္ဂိုလ် ဒကာ ဒကာမတို့ အားကိုးရှာလိမ့်မယ်ဆိုတာ အထင်အရှားပဲ (မှန်လှပါ)။

အဲဒီ အားကိုးရှာတော့ သူပက်လက်ကြီးမျော၊ မှောက်လျက်လည်းမျော အမျိုးမျိုးအဖုံဖုံ၊ ရေထဲမှာ မျော

လာတော့ လမ်းမှာ ကမ်းနားသစ်ပင်ဆိုတာတွေက ရှိတယ်။

အဲဒီကမ်းနားသစ်ပင်တွေကို သူကဖြင့် ဒါဖြင့် ရေမှ တက်ရာပဲဆိုပြီးသကာလ သစ်ကိုင်းလေး တွေ့လိုက်ဆွဲလိုက် ပေါ့ဗျာ။

## ကမ်းနားသစ်ပင်ဆိုတာ

ထိုကဲ့သို့ဆွဲလိုက်တဲ့အခါကျတော့ ကမ်းနားသစ်ပင် ဆိုတာ နဂိုကလည်း ရေစားထားလို့ အမြစ်တွေကပေါ် နဂိုက မခိုင့်တခိုင်နေတာလေးသွားပြီးသကာလ ဆွဲလိုက်တော့ ဒီအမြစ်နှင့်တကွ ဆွဲလိုက်တဲ့သစ်ပင်က ကိုယ့်အပေါ်မှာ ပိလိုက်ပြီး မြေစိုင်နှင့်တကွ အမြစ်တွေပါ ပြုတ်ကျလာပြီး ဆွဲလိုက်တဲ့ ပုဂ္ဂိုလ်အပေါ်မှာပဲ ပိရတယ် (မှန်လှပါဘုရား)။

ပါးစပ်ထဲဝင် မျက်လုံးထဲဝင်ပြီးသကာလ မြေမှုန့်တွေ ဝင်မလာဘူးလား (ဝင်လာပါတယ်ဘုရား)။

ဩော် အားကိုးရှာလိုက်တာ အားကိုးရမလားလို့ အားကိုးရှာလိုက်တာ ဒကာဒကာမတို့ သေသေချာချာ ရှင်းရှင်းလင်းလင်း စဉ်းစားတော့ အားကိုးမှုကြောင့် ဒုက္ခပို ရောက်ပါပေါ့လား ရေမျောလာရှာတာလေ (မှန်လှပါဘုရား)

ရေမျောလာရှာတာ ဒကာဒကာမတို့ အားကိုးရှာပြီး ကမ်းနားသစ်ပင်ဆွဲလိုက်တာ မြေစိုင်နှင့်တကွ အမြစ်ပါ

ပြုတ်ကျလာတော့ သူ့မျက်နှာပေါ်၌ မြေမှုန့်တွေ မျက်လုံးထဲ ဝင်လိုဝင်၊ ပါးစပ်ထဲ ဝင်လိုဝင်ပြီး သကာလ ဩော် ရေမျောလို့ အားကိုးရှာ အားကိုးရှာလို့ ဒုက္ခတွေ့ပြီ (မှန်လှပါဘုရား)။

ဒီလိုမနေဘူးလား (နေပါတယ်ဘုရား) ဒါနဲ့ပဲ ဒီလိုပဲ မျော၊ မျောပြီးသကာလသွားလိုက်တာ၊ ကမ်းနားသစ်ပင်တွေ လျောက်ဆွဲတော့ တွေ့ရာဆွဲ ဆူးပင်တွေဆွဲလိုက်တော့ ဆူးပင်တွေကလက်ဖူး၊ အမြစ်ပါပြုတ်ကျတော့ ကိုယ့်အပေါ်မှာပိ။

ဒီလိုချည်းသွားလိုက်တာ ကိုးစားရာ အားထားရာ ဒကာဒကာမတို့ ဒီမှာဂိုလ်ရပ့်မလား. . . (မရပါဘုရား)။

မရတဲ့ကြားထဲ ရေစီးကသန် ကိုးစားရာ အားထားရာ သစ်ပင်တွေလည်း၊ ဆွဲလိုက်တိုင်း ကိုယ့်အပေါ်မှာ ပြုတ်ကျ ဘယ်မှာသာလျှင် သူခိုကိုးရာ အားထားရာ ကယ်ဆယ်ရာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

မမြင်တော့ဘူး၊ ဆွဲလေသမျှလည်း အမှားချည်းကို ဒါနဲ့ပဲ မြုပ်ခြင်းမှာ အဆုံးသတ်ပြီးသကာလ သွားရတယ်။

နဂိုကမျောပြီးလာတာ ကမ်းနားသစ်ပင်တွေကိုဆွဲဆွဲ၊ ဆွဲဆွဲပြီးသကာလ လာလိုက်တော့ မြေစိုင်ကပြုတ်ပြုတ်ကျပြီး သူ့မျက်လုံးထဲဝင် သူ့ပါးစပ်ထဲဝင်၊ သူ့ကိုယ်ပေါ်ပိ၊ အဲဒီကဲ့သို့ ပိပိပြီးသကာလ မျောရာကနေမြုပ်ပြီးသကာလ သွားရတဲ့ ရေမျောသမားသည်ကားလို့ဆိုရင် ဒကာဒကာမတို့ မြင်ရလို့ ရှိရင်ဖြင့် ဩော် - သနားစရာကောင်းလိုက်တာ။

ရေမျှောလို့ ခိုကိုးရာရှာပါသော်လည်း၊ ခိုကိုးရာသစ်ပင်ဟာ ပြုတ်ပြီးသူ့အပေါ်ကျပါပေါ့လား၊ သူသာလျှင် ဒုက္ခရောက်ပါလားဆိုတော့ ခိုကိုးရာအားထားရာသည် ဘယ်ခါကာလမှ သူမရရှာပါလားဆိုတာ ဒကာဒကာမတွေ အထင်အရှားမြင်ပြီးသား ဖြစ်ပါလိမ့်မယ်။

အဲတော့ ဒီမျှောနေတဲ့အထဲမှာ ခုနက သစ်ကိုင်းနဲ့ တကွ မြေစိုင်တွေကပြုတ်ပြုတ်၊ ပြုတ်ပြုတ်ပြီးကျသောကြောင့် ဒကာဒကာတို့ နဂိုက တစ်ယောက်တည်း မျှောတုန်းက အမျှောသက်သာသေးတယ်၊ ကိုးစားရာ အားထားရာ ကမ်းနားသစ်ပင်တွေ ရှာလိုက်တဲ့အခါကျတော့ ကမ်းနားသစ်ပင်တွေက ပြုတ်ခါပြုတ်ခါနဲ့ သူ့အပေါ်မှာ ပိပိ၊ ပိပိပြီး လာသောကြောင့် မျှောရာကနေ မြုပ်ရရှာတယ်။ (မှန်လှပါဘုရား)။

သနားစရာကောင်းတယ်၊ သနားစရာအလွန်ကောင်းတယ်၊ ဒကာဒကာမတို့ ရေမသိလို့ ရေထဲဆင်းတယ်၊ ဆင်းလို့ရေစီးကသန်လို့ မျှောတယ်။

မျှောလို့အားကိုးရှာ၊ အားကိုးရှာတော့ ကိုယ်ပေါ်မှာ ပိကျတယ်၊ ပိကျတာနဲ့ မျှောရာကနေပြီး မြုပ်ခြင်းလမ်းဆုံး ရတယ်ဆိုတော့ အတော်လေးကိုပဲ ကံဆိုးမိုးမှောင်ဖြင့် တန်းကုန်ပါပေါ့လား၊

အင်မတန် မနစ်နာဘူးလားဗျာ (နစ်နာပါတယ် ဘုရား)

အေး- ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော် ပုပ္ဖဝဂ်မှာ ဟောတော်မူတယ်နော်။

## အခုသံသရာရေယဉ်ကြီးထဲမျောနေကြပြီ

ထို့အတူပါပဲတဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ အခုသံသရာရေယဉ်ကြီးထဲ မျောနေကြပါပြီ။

ဘာကြောင့် သံသရာရေ၊ တဏှာရေထဲမှာ မျောရ ပါသလဲလို့ မေးတဲ့အခါကျတော့မှ ဒကာဒကာမတို့က လူ့ပြည် ရောက်ရပါလို၏လို့ ဆုတောင်းတော့ လူ့ပြည်မျော လာတယ်။ (မှန်လှပါဘုရား)။

လူ့ပြည်တဏှာရေထဲမျောလာကြတယ်။ လူ့ပြည် ဆုတောင်းပြီးသကာလ နေတာက တဏှာကိုဗျ၊ အဲဒီတဏှာ ရေကမှ တစ်ခါတည်း တဏှာရေကမျှောလိုက်ပြန်တာနဲ့၊ တဏှာရေဆိုတာကလည်း ရေကြမ်းကြီးပါလားဗျ (မှန်လှပါ ဘုရား)။

အကုသိုလ်ရေကိုးဗျ၊ အကုသိုလ်ရေဆိုတော့ ဒကာ ဒကာမတို့ သိပြီးသားအတိုင်း ရေကောင်းတော့ မဟုတ်ဘူး၊ ရေကြမ်းပဲဆိုတာတော့ဖြင့် အင်မတန်ပြင်းပြင်းထန်ထန် စီးတဲ့

ကြမ်းတမ်းတဲ့ရေပဲဆိုတာဖြင့် ဒကာဒကာမတို့ ငြင်းဖို့ မလိုတော့ပါဘူး (မလိုတော့ပါဘူးဘုရား)။

အဲတော့ ဒကာဒကာမတွေဟာ အခု ဘယ်ရောက်လာကြသတုံးလို့ မေးလိုက်တဲ့အခါ လူ့ပြည်မှာ လူအဖြစ်ကို ရချင်တဲ့ သဘောနဲ့ ဆုတောင်းလိုက်သောကြောင့် ဆုတောင်းတဏှာရေက မျှောတာနဲ့ အခုဖြင့် လူ့ပြည်မျှောလာကြပြီပေါ့ဗျာ - (မျှောလာပါပြီဘုရား) သဘောကျပလား. . (တင်ပ့ါဘုရား)။

လူ့ပြည်မျှောလာကြပြီ ဒကာဒကာမတို့ ရိပ်မိကြပလား (ရိပ်မိပါပြီ) အင်း- ဒကာဒကာမတို့သည် အခုဘာဖြစ်နေကြသတုံးဆိုတော့ မျှောတုံးပါပဲဘုရား။ (တင်ပ့ါ)။

ဟ- ဘယ်ရေထဲ မျှောလာတာတုံးမေးတော့ ကိုယ့်ဆုတောင်းရေထဲ ကိုယ်မျှောလာတယ် (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ) ဘယ်ရေထဲမျှောလာပါလိမ့် (ကိုယ့်ဆုတောင်းရေထဲမျှောလာတာပါ)။

ကိုယ့်ဆုတောင်း ရေထဲမျှောပြီးသကာလ လာကြတော့ ဒီကျပြန်တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်သူ့အားကိုးရပ့ါမလဲ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ ချမ်းသာဖို့ဆိုပြီး အားကိုးတယ်၊ ရှာကြတယ်။

## အမေအဖေအားကိုးတယ်

အားကိုးရှာတော့ အမေအားကိုးတယ်၊ အမေက အနိစ္စမို့ပြုတ်ကျတယ်၊ ဟင်. . ကမ်းနားသစ်ပင်ကိုးဗျ၊ အမေ အားကိုးတော့ အမေကအနိစ္စမို့ ပြုတ်ကျတယ်၊ ကိုယ့်မှာ ဝမ်းနည်းပက်လက်နဲ့ အမေနဲ့ခွဲရတာပေါ့ဆိုပြီး ငိုချင်းချတယ်။

အင်းပြုတ်ကျပြီ၊ ပြုတ်ကျပြီ၊ ဒကာဒကာမတို့ တဏှာ ရေမျောလာရတဲ့ အထဲမှာ အမေ့အားကိုးရပါမလား အောက် မေ့တယ်၊ သူကလည်း အနိစ္စ ခန္ဓာကိုယ်ဖြစ်လို့ အကုန်ပြုတ် ကျတာနဲ့ သားတွေ သမီးတွေမှာ ရင်ကွဲပက်လက် အကုန်ဖြစ် ကြရတယ် (ဖြစ်ရပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်ရင်ကွဲပက်လက်ဖြစ်ရပါ လိမ့်မတုံးဆိုတော့ တဏှာရေထဲမျောလာတာ အမေနဲ့ အဖေနဲ့ နေရလို့ရှိရင် တော်သေးရဲ့ဆိုပြီးသကာလ လာခဲ့ ကြတာ၊ အမေလဲပြုတ်ကျပြီ (မှန်လှပါဘုရား)။

ဘယ်သူ့အပေါ် ပြုတ်ကျသတုံးဆိုတော့ မျောတဲ့ ပုဂ္ဂိုလ်ပေါ် ပြုတ်ကျတယ်၊ သူပဲငိုရရှာတယ်၊ သူပဲရင်ထုရ ရှာတယ်၊ သူပဲမြေလူးရရှာတယ်။

အင်း အမေဆိုတာ အားကိုးလောက်တယ်ဆိုပြီး သကာလ၊ အမေအဖေရှိတယ်ဆိုလို့ရှိရင် ဒို့တွေ ဘာပူစရာ ရှိတုံး၊ သူတို့အားကိုးပြီးသကာလ ဒို့နေပါတော့မယ်ဆိုပြီး

သကာလ အမေအဖေအားကိုးပြီး ဆွဲလိုက်တော့ အမေအဖေက အနိစ္စမို့ အနိစ္စခန္ဓာကိုယ်တွေဖြစ်လို့ ဒကာဒကာမတွေ ဘယ်သူ့အပေါ် ပြုတ်ကျသတုံး (ဆွဲတဲ့ ပုဂ္ဂိုလ်ပေါ် ပြုတ်ကျပါတယ်ဘုရား)။

တဏှာနဲ့ဆုတောင်းပြီး မျှောလာတဲ့ ပုဂ္ဂိုလ်ပေါ် ပြုတ်ကျတယ် (မှန်ပါ့ဘုရား)။ အင်း-ခုတော့ဖြင့် ဒကာဒကာမတွေ ဘယ်လိုများနေကြပါသတုံး ဆိုတော့ဖြင့် ပြုတ်ကျတဲ့ ဥစ္စာတွေပဲ တွေ့ခဲ့ရတာပဲ။

ကိုယ့်ဖြင့် တက်နိုင်တယ်၊ ရေလွတ်ပြီဆိုပြီးသကာလ တက်နိုင်တယ် လှမ်းနိုင်တဲ့ ခိုးကိုးရာမရသေးဘူး (မှန်လှပါဘုရား)။

အခု၊ အမေဆိုတာလည်း ကမ်းနားသစ်ပင်နော်၊ အဖေဆိုတာကော (ကမ်းနားသစ်ပင်ပါ) အဲဒါတွေအခု၊ ခင်ဗျားတို့ အမေ့အတွက် အဖေ့အတွက် ပြုတ်ကျလို့ ခင်ဗျားတို့ ဒုက္ခရောက်ပြီး ကြပလားလို့မေးရင်၊ ဘယ်နှယ်ဖြေကြမလဲ. . (ဒုက္ခရောက်ပြီးပါပြီဘုရား)။

အင်း- နဂိုကတော့ သမီးဆိုရင် မအေအားကိုး၊ သားဆိုရင် မအေအားကိုး၊ အဖေအားကိုးပြီး နေကြတာ အခုဖြင့် တောင်ကြီးပြိုလို့ ကမ်းပြိုလို့၊ ကိုယ့်အပေါ် ပိပါပေါ့လားဆိုတာ ဒကာဒကာမတွေ လူတိုင်းတွေ့ဖူးကြပါလိမ့်

မယ်. . . (တွေ့ဖူးပါတယ်ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ကြည့်စမ်း၊ ရေမျောလာလို့ အားကိုးရှာတာ ပြုတ်ကျတဲ့ သစ်ပင်ကိုပဲ ကမ်းနားသစ်ပင်နဲ့တူတဲ့ အနိစ္စ ခန္ဓာကိုယ်တွေ သွားအားကိုးတော့ အနိစ္စပဲ။

ခန္ဓာကိုယ်ကြီးက အမေအဖေအနိစ္စခန္ဓာကိုယ်တွေ ဖြစ်ပြီး သကာလ နေတော့၊ ခန္ဓာကိုယ်တွေက အကုန်အနိစ္စဖြစ်နေသောကြောင့် အားကိုးတဲ့ သားတွေ သမီးတွေ၊ သံသရာခရီးသည်တွေ ရေမျောလာတဲ့ တဏှာရေမျှောလို့ လူ့ပြည်ရောက်လာလို့ မျောနေတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ပြုတ်ပြုတ်ကျတယ် (မှန်ပါ့)။

ကျလို့ပဲ အားကိုးရမလားလို့ အားကိုးလိုက်၊ ပြုတ်ကျလိုက်၊ ပြုတ်ကျလိုက်တော့ ရင်ကွဲပက်လက်ဖြစ်တယ်၊ ဘယ်သူ့အပေါ်ပိပါလိမ့်ဗျာ၊ (အားကိုးတဲ့ပုဂ္ဂိုလ်အပေါ် ပိပါတယ်ဘုရား)။

## တဏှာရေကမျှောလိုက်လို့မျောရတယ်

မျောလာတာကလဲ ဒကာစိန်တို့ကို လူ့ပြည်မျှောလိုက်တာက တဏှာရေက မျှောလိုက်တယ်၊ ခင်ဗျားတို့ တဏှာကဆုတောင်းပြီး ယူလာတာသူ၊ သူ့ဆုတောင်းအတိုင်း ဖြစ်လာ

တာ သူ သူ့တဏှာရေမျှောသလို မမျောရဘူးလား (မျောရပါ တယ်ဘုရား)။

အေး- တဏှာရေမျှောသလို မျောရသောကြောင့် ဒီဘဝကျတော့ မျောလာပါပေါ့လား လူ့ပြည်တော့ဖြင့် မျောလာပါပေါ့ဟ၊

မည်သူ့အားကိုးရပ့်မတုံးဆိုတော့၊ အို. . အမေ ရှိသားပဲ၊ အဖေရှိသားပဲဆိုပြီး ကမ်းနားသစ်ပင်အနိစ္စတွေ အားကိုးလိုက်တယ်။

အားကိုးလိုက်တော့ တဖြုတ်ဖြုတ်နဲ့ အမေတွေသေ၊ အဖေတွေသေ၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)၊ အဲဒီ တော့ အားကိုးရာမရတော့ မျက်ရည်ကြီးငယ်ကျပြီးသကာလ ဒေါမနဿနဲ့ပဲ အချိန်မကုန်ခဲ့ကြရဘူးလား. . . (အချိန်ကုန် ခဲ့ကြရပါတယ်ဘုရား)။

အင်း- ဒါလူ့ပြည်မျောလာလို့ ဒကာဒကာမတို့ ကမ်းနားသစ်ပင်မြေစိုင်နှင့်တကွ မျောတဲ့ပုဂ္ဂိုလ်အပေါ် ပိပါ ပေါ့လား ဆိုရင်ငြင်းစရာမလိုတော့ဘူး၊ ပိပြီးကြပြီလား၊ မိပြီး ကြပြီလားဆိုရင် ဘယ့်နှယ်ဖြေမလဲ၊ (ပိပြီးကြပါပြီဘုရား)။

အင်း- ခင်ဗျားတို့က ဒါတွေဘာပါလိမ့်မတုံးလို့ မေးလို့ရှိရင် သံသရာရေယာဉ်ကြောမှာ တဏှာရေထဲမှာ မျောလာကြတော့ အားကိုးကလဲရှာကြတာကိုး။

လှူပြည်မျောလာတာပေါ့ဗျာ၊ မျောလာပြီးသကာလ အားကိုးရှာပြန်တော့လည်း၊ ဒကာဒကာမတို့အမေပဲ၊ အဖေပဲ ဆိုပြီး အားကိုးလိုက်ကြတယ်။

အားကိုးလိုက်တော့ ဒီကခိုင်တဲ့သစ်ပင်လား၊ အနိစ္စတွေလား. . . (အနိစ္စတွေပါဘုရား)၊ ဪ. . . အမေလည်း အနိစ္စမို့ တပည့်တော်တို့ဘုရား၊ အမေသေလို့ကိုပဲ၊ ရင်ထု မြေလူးနဲ့ အတော်ဒုက္ခရောက်ခဲ့ရပါတယ်ဘုရား။

အဖေသေတော့လည်း ဆိုးလိုက်တဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့၊ မျောလာတာကိုး၊ ကမ်းနားသစ်ပင်နှစ်ပင်က ဟိုက ပြုတ်ကျလိုက်၊ ဒီကပြုတ်ကျလိုက်ဆိုတော့ ဘယ်သူ့အပေါ် ပြုတ်ကျပါလိမ့်ဆိုတော့ (မျောတဲ့ပုဂ္ဂိုလ်ပေါ်ပါဘုရား)။

အင်း- ဒကာဒကာမတွေ ယခုနေရတဲ့ အခြေအနေကဖြင့် ဤအခြေအနေပါပဲ. . . (မှန်လှပါဘုရား)၊ အမေတွေလည်းပြုတ်ကျကုန်ပြီ၊ အဖေတွေလည်း ပြုတ်ကျကုန်ပြီ၊ သဘောကျပလား. . (ကျပါတယ်ဘုရား)။

## သား၊ လင်၊ ခင်ပွန်း အားကိုးကြပြန်တယ်

ကိုင်း- ရှေ့ဖြင့်ဘယ်သူ့အားကိုးရမတုံးဆိုပြီးသကာလ အိမ်ထောင်ရယ်လည်း ကျပြန်ရော၊ သား, လင်, ခင်ပွန်းသည်ကို အားကိုးကြပြန်တယ်။

အားကိုးကြတာတွေကလည်း၊ သူတို့ကလည်း ကမ်းနားသစ်ပင်၊ အနိစ္စတွေပြုတ်ဦးမှာပဲ၊ ဒကာဒကာမတွေ ခိုင်ပါ့မလား. . . (မခိုင်ပါဘူးဘုရား)၊ ဘာခန္ဓာကိုယ်တွေ လည်း (အနိစ္စခန္ဓာကိုယ်တွေပါ)။

အင်း- ဒကာဒကာမတွေ၊ ခင်ဗျားတို့အတွက်ဖြင့် အမေအဖေတွေ ပြုတ်ကျ၊ အနိစ္စတွေပြုတ်ကျလို့၊ ကမ်းနား သစ်ပင်တွေပြုတ်ကျတာတောင်မှ အခုထက်တိုင်အောင်ပဲ သားလင်ခင်ပွန်း အားကိုးတုံးပဲ၊ ပြုတ်ကျမည့်အနိစ္စတွေ အားကိုးတုန်းပဲဆိုတော့၊ ပိချင်သေးလို့၊ မြုပ်ချင်သေးလို့ အားကိုးကြတာပဲဆိုတာ သေသေချာချာ စဉ်းစားကြပါတော့ . . . (မှန်လှပါဘုရား)။

ဘယ်လောက်များ ခင်ဗျားတို့ ဆိုးဝါးချက်ပေါ်တယ် ဆိုတာဖြင့် အထူးပြောစရာလိုသေးလား. . . (မလိုတော့ပါ ဘူး)၊ တယ်ကြောက်စရာကောင်းပါလား. . . (ကောင်းပါ တယ်ဘုရား)။

အခု- အစုံအလင်ရှိနေတဲ့ပုဂ္ဂိုလ်တွေအတွက်တော့ ဘာဖြစ်ဦးမှာတုံး မေးလို့ရှိရင် ဘယ်နှယ်ပြောတုံး. . . (ပြုတ် ကျမှာပါဘုရား)၊ ကျဦးမှာပဲ၊ ရှေ့ပြုတ်နောက်ပြုတ်ပဲသာ အောက်မေ့တော့. . . (တင်ပါ့ဘုရား)။

ပြုတ်တိုင်းပြုတ်တိုင်း ဘယ်သူ့အပေါ်ပိမလဲလို့မေးပါ

ဦး. . . (အားကိုးတဲ့လူအပေါ် ပိမှာပါဘုရား)၊ ဪ- ဒကာ ဒကာမတို့ ခင်ဗျားတို့အတွက်ဖြင့် ရှေ့လည်းစိတ်ချစရာမရှိ ပါလား၊ နောက်ကလည်း ပြုတ်ကျလို့ပိခဲ့ကြပြီ (မှန်ပါ့ဘုရား)။

ရှေ့လည်း ပြုတ်ကျမည့်အပင်ဆွဲပြန်ပြီဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ မြုပ်ချေသေးရဲ့၊ နစ်ချေသေးရဲ့ဆိုတဲ့ အဓိပ္ပါယ် ဟာ သေချာရောက်ပါတယ်။ သဘောပါကြရဲ့လား (ပါ, ပါ တယ်)။

## ဘုရားက အသေအချာဟောထားတာ

ဘုရားဟောတော်မူတာ၊ ဘုရားဟောတော်မူတာ ပုပ္ဖဝဂ်မှာ အသေအချာဟောတော်မူတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲတော့ - ဒကာစိန်ရေ - ဒကာဒကာမတွေ အားကိုးနေသမျှဟာ ပြုတ်ကျမည့်ကမ်းနားသစ်ပင်ချည့် အားကိုးမိလျက် ကြုံနေရတယ်၊ ရိပ်မိကြပလား. . . (ရိပ်မိပါ ပြီဘုရား)။

ကိုထွန်းအောင်ရေ - ခင်ဗျားပြုတ်ကျပြီးပြီနော်၊ အေး ခင်ပွန်းသည်တွေ တည်ထောင်လိုက်တာ အခု ခင်ပွန်းမ ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ မရှိတော့ ဘာဖြစ် သွားသတုံး . . . (ပြုတ်ကျသွားပါတယ်)၊ ပြုတ်ကျတော့

ဘယ်သူ့အပေါ်ပိပါလိမ့်. . . (ကိုယ့်အပေါ်ပဲ ပိပါတယ်)၊ အင်း- ခင်တဲ့လူအပေါ်. . . (ပိပါတယ်)။

အင်း- ကိုယ်ကျိုးကြီးနည်းပါပေါ့၊ လက်ရုံးကြီးပြုတ်ပါပေါ့ဆိုပြီးသကာလ ဒီအပေါ်လာပိတာပဲ (မှန်ပါ)။

အေး- ဒါကြောင့် ဒကာဒကာမတွေ ခင်ဗျားတို့အားကိုးနေတဲ့ သားလင် ခင်ပွန်းသည် သည်ကားလို့ဆိုလို့ရှိရင် ကမ်းနားသစ်ပင်သာ မှတ်လိုက်ပါတော့၊ ပြုတ်ကျမှာတည်းတည်းချည့်ပဲ။

အဘယ့်ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောရပါလိမ့်မလဲလို့ဆိုတော့ အနိစ္စခန္ဓာကိုယ်တွေမို့. . . (မှန်လှပါဘုရား)၊ အနိစ္စကတော့ နိစ္စတော့မဖြစ်နိုင်ဘူးပေါ့ဗျာ၊ ဖြစ်နိုင်ပါ့မလား. . . (မဖြစ်နိုင်ပါဘုရား)။

အဲ- ကိုထွန်းအောင် ဖြစ်ပါ့မလား. . . (မဖြစ်နိုင်ပါဘုရား)၊ မဖြစ်နိုင်လို့ရှိရင် ဘာဖြစ်မယ်ထင်သတုံး. . . (ပြုတ်ကျမှာပါ)၊ အေး- ပြုတ်ကျမှာပဲဆိုကြစို့၊ လောကီအမြင်နဲ့ပြောရင်နော်။

လောကီအမြင်နဲ့ပြောရင် ဒကာဒကာမတို့ ဘာဖြစ်လိမ့်မယ်ထင်သလဲ. . . (ပြုတ်ကျမှာပါဘုရား)၊ အင်း- ပြုတ်ကျတော့၊ ဆွဲရာပုဂ္ဂိုလ်ဘက်ပြုတ်မှာ ဆိုတော့ လက်မှမလွှတ်ပဲကိုး။

သူ့ အားကိုးလို့ရမလားဆိုပြီး တစ်ခါတည်းဆွဲလိုက်တာ၊ ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက်တည်း ဒီသစ်ပင်က တခြားကိုပြုတ်ကျသလား၊ ဆွဲသောပုဂ္ဂိုလ်၏အပေါ်မှာပဲ ပြုတ်ကျသလား. . . (ဆွဲသောပုဂ္ဂိုလ်ပေါ် ပြုတ်ကျပါတယ်ဘုရား)။

အေး- ဒါကြောင့် သုသာန်များသွားကြည့်စမ်းပါ၊ ပြုတ်ကျလို့ပိပြီးသကာလ ငိုနေတဲ့ပုဂ္ဂိုလ်တွေ၊ ကျုပ်ဖြင့် ကိုယ်ကျိုးကြီးနည်းပြီ သားတစ်ယောက်ကယ်လို့ အလွန်လိမ်မာတယ်ဆိုပြီး အားကိုးတကြီးထားလိုက်တာ အခုဖြင့် တစ်ခါတည်း အမေပေါ် ဒုက္ခရောက်ပါပေါ့လား၊ အမေကိုးစားရာမဲ့ဖြစ်ပါပေါ့လား ဆိုပြီး တစ်ခါတည်းငိုချင်းချတာ. . . (မှန်ပါ့)။

ပြုတ်ကျတဲ့သဘောတွေ၊ တချို့လည်း ခင်ပွန်းသေတာနဲ့ပြုတ်ကျတယ်၊ ဒီမိန်းမအပေါ်မှာ ပြုတ်မကျဘူးလား . . . (ကျပါတယ်)၊ တချို့လည်း ခင်ပွန်းမသေတာနဲ့ ခင်ပွန်းသည် စိတ်မကောင်း လက်မကောင်းနဲ့ တစ်ခါတည်း ကိုယ့်အပေါ်ပဲ ပြုတ်မကျဘူးလား. . . (ကျပါတယ်ဘုရား)။

ဩော်- ဆွဲတဲ့ပုဂ္ဂိုလ်ပေါ် ပြုတ်တာပေါ့၊ ဒကာဒကာမတွေ ဒီသစ်ပင်ကမဆွဲရင် သူ့အလိုလို ပြုတ်ရင် မြစ်ထဲပြုတ်မှာပေါ့၊ ချောင်းထဲ ပြုတ်မှာပေါ့. . . (မှန်ပါ့)။

ခင်ဗျားတို့က ရေမျောလာတဲ့ပုဂ္ဂိုလ်တွေဖြစ်နေတော့

အားကိုးရှာတော့ သူ့ဆွဲ ဆွဲတော့ ကိုယ့်အပေါ်ပြုတ် (မှန်လှပါ)၊ ကိုယ့်အပေါ်ပြုတ်တော့ ကိုယ့်အပေါ်ပိ၊ ကိုယ့်အပေါ်ပိတဲ့အခါကျတော့ ကိုယ်သာလျှင် မြုပ် (မှန်ပါ့ဘုရား)။

ဩော်- ဒကာဒကာမတွေ ရှေ့လမ်းခရီးဘာများဖြစ်ပါလိမ့်မလဲဆိုတော့ တွေးသာကြည့်ကြပေတော့၊ ဆွဲတာတွေကဖြင့် ခင်ဗျားတို့ခိုင်တာ ဆွဲမိသလား၊ မခိုင်တာဆွဲမိသလား. (မခိုင်တာဆွဲမိပါတယ်ဘုရား)။

သားရယ်လို့ အားကိုးတယ်၊ အနိစ္စဆွဲလိုက်လို့ ဒီအပေါ်ပဲ ပြုတ်ကျတာပဲ၊ သမီးရယ်လို့ အားကိုးပြန်ဒရာ (အနိစ္စမို့ ဒီအပေါ်ပဲပြုတ်ကျမှာပါ)၊ ပြုတ်ကျအားကိုးတဲ့အပေါ်မှာသာ ပြုတ်ကျမယ် ဒကာစိန် ရ၊ သူများအပေါ်ပြုတ်ကျမယ်ထင်သလား. . . (မထင်ပါဘူးဘုရား)၊ ဘယ်သူ့ပြုတ်ကျမယ်ထင်သတုံး. . . အားကိုးတဲ့လူအပေါ်မှာသာ ပြုတ်ကျမှာပါ။

အင်း- ခင်ဗျားတို့ကလဲ အားကိုးလေးမရှိရင် နေလို့မဖြစ်ကြဘူး၊ အင်း- သားလင်ခင်ပွန်းပဲ အားကိုးအားထားမရှိရင် ကျုပ် တစ်ကောင်ကြွက် ခက်ရချည်းရဲ့ကိုး။

ကျုပ် တစ်ကောင်ကြွက် ခက်ရချည်းရဲ့ဆို အားကိုးရှာ၊ အားကိုးရှာတော့ အနိစ္စတွေဖြစ်. . . (မှန်လှပါဘုရား)။

အနိစ္စတွေမို့ ပြုတ်ပြုတ် ပြုတ်ပြုတ်ပြီး အနိစ္စသဘော

တွေလည်း ပြောလိုက်ပါရော၊ ဒီပြုတ်ကျတဲ့ခံရတဲ့ပုဂ္ဂိုလ် မျက်ရည်ကြီးငယ်ကျပြီးသကာလ သံသရာရေယာဉ်ကြောထဲမှာ တဏှာရေကမျောပြီးလာရတဲ့အထဲမှာတဲ့ မခိုင်လို့ပြုတ်ကျတာတွေကို အနိစ္စတွေကို အနိစ္စမကျေနပ်တာနဲ့ ဒကာဒကာမတွေ အနိစ္စဖြစ်တာကို မကျေနပ်တော့ ဒေါမနဿတွေနဲ့ ရေထဲမျောရတယ်။

ဒေါမနဿနဲ့ မျောတဲ့အခါကျတော့ တော်တော်ကြာကျတော့ ပိပါများတော့၊ သားကံစွတွေ ကြုံရတာများ၊ ခင်ပွန်းကိစ္စတွေက ကြုံရတာများ၊ ဆွေမျိုးညာတကာကိစ္စတွေဆိုတဲ့ ကမ်းနားသစ်ပင်တွေအတွက် ပြုတ်ပြုတ်ကျတာများတော့ ကိုယ့်အပေါ်မှာပဲ အကုန်ပိတယ်၊ သဘောကျပလား. . . (ကျပါတယ်)။

ကိုယ့်အပေါ်မှာ အကုန်ပိပြီးသကာလ၊ မြေစိုင်နှင့်တကွ ပြုတ်ကျတဲ့သစ်ပင်တွေသည် ဆွဲသောပုဂ္ဂိုလ်အပေါ်မှ တစ်ပါး ဘယ်များရွေ့သေးလဲ. . . (ဘယ်မှမရွေ့ပါဘုရား)။ သူက သွားဆွဲတော့ သူ့အပေါ်မှာပေါ့ဗျာ။

ဒါဖြင့် ဒကာဒကာမတွေ အဆွဲလွဲလို့ရှိရင်ဖြင့် မျောပွဲကနေပြီး မြုပ်ပွဲတောင် ဆင်းစရာရှိတော့တယ်ဆိုတာဖြင့် ဘုရားဟောတော်မူတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဆုတောင်းဆိုတာ တဏှာ

ခင်ဗျားတို့သည်ကားဆိုလို့ရှိရင်ဖြင့် မျောပွဲကြီးကဖြင့် လူ့ဘဝမျောလာတာ အထင်အရှားပဲ၊ ဆုတောင်းနဲ့မျောလာခဲ့ကြတယ်၊ ဆုတောင်းဆိုတာ တဏှာပေ့ါဗျာ၊ အဲဒီ တဏှာရေနဲ့မျောလာကြတဲ့လူ့ဘဝမှာ လူရယ်လို့ဖြစ်လာကြပြန်ပြီဆိုတော့ အားကိုးတွေရှာလိုက်လို့ ရှေးကပြုတ်ကျခဲ့လို့ ကိုယ့်မျက်ရည်ကြီးငယ် ကျခဲ့ရပါပြီ။

နောက်ဆက်မှာတွေကလည်း ဘာတွေဘာတွေပါလိမ့်. . . (ပြုတ်ကျမှာပါဘုရား)၊ ပြုတ်ကျမှာချည်းပဲ၊ သဘောကျပလား. . . (ကျပါပြီ)၊ မျက်ရည်ကြီးငယ်ကျမှာ ပြုတ်ကျမှာချည်းဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ဆွဲနေတဲ့၊ ငင်နေတဲ့ဥစ္စာတွေဟာ အနိစ္စမမြင်တော့ ဆွဲလိုက်တာပေ့ါ၊ ဆွဲမိတဲ့အခါ ပြုတ်ကျတာပေ့ါ၊ ပြုတ်ကျတော့ ဆွဲတဲ့ပုဂ္ဂိုလ်မှာပိတာပေ့ါ။

ပိတဲ့အခါကျတော့ မျောရုံမက မြုပ်တဲ့ဆီကိုကျသွားတယ်၊ မျောရုံမကမြုပ်တဲ့ဆီကို ကျသွားတာ၊ ဩဘ်-ဒါကြောင့် သံသရာကျင်လည်ရတဲ့၊ သံသရာရေထဲမျောတဲ့ပုဂ္ဂိုလ်၊ ဘယ်များသွားကြပါလိမ့်မလဲဆိုတော့ အထဲတည်းပဲမြုပ်ချည်းပဲ၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

အထဲတည်းပဲလို့ ဘာပါလိမ့်. . . (အမြုပ်ချည်းပါဘုရား)၊ အထဲတည်းပဲ အမြုပ်ချည်းပဲဆိုတာ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီဘုရား)၊ ဘယ်လောက်များ ကြောက်စရာကောင်းသလဲ. . . (ကောင်းပါတယ်ဘုရား)။

ဒကာဒကာမတွေ ဒါ သူများပြောလား၊ ကိုယ်တိုင်ကောတွေ့ပြီးပလား. . . (ကိုယ်တိုင်တွေ့ပြီးပါပြီဘုရား)။

## အားကိုးလိုက် ပြုတ်ကျလိုက်

အင်း- ခိုင်မလားလို့အမေရယ်လို့ အားကိုးလိုက် ပြုတ်ကျလိုက်၊ အဖေရယ်လို့ အားကိုးလိုက် ပြုတ်ကျလိုက်၊ အင်း- ခင်ပွန်းရယ်လို့ အားကိုးလိုက် (ပြုတ်ကျလိုက်) မောင်ဖားရယ်လို့ အားကိုးလိုက်. . . (ပြုတ်ကျလိုက်)။

အေး- တပြုတ်တည်းပြုတ်ပြီးသကာလ ဘယ်သူ့အပေါ် ပိပါလိမ့် (ကိုယ့်အပေါ် ပိပါတယ်ဘုရား)၊ ဒါ အားကိုးတဲ့ပုဂ္ဂိုလ်ပေါ့ဗျာ၊ အားကိုးတဲ့ပုဂ္ဂိုလ်အပေါ် မှာ မပိဘူးလား. . (ပိပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ သုသာန်သွားပြီးသကာလ အသုဘပို့ကြတဲ့အခါ မြင်ပါလိမ့်မယ်၊ ဘာပြုလို့ ငိုတာတုံး? ခဲနှင့်တကွ မြေစိုင်ပါပိလို့ ငိုတာ. . . ရိပ်မိပလား. (ရိပ်မိပါပြီ)။

သူသာန်ငိုကြတဲ့ပုဂ္ဂိုလ်တွေဟာ ဘာဖြစ်လို့ပါလိမ့်၊ (ခဲနှင့်တကွ မြေစိုင်ပါပိလို့ ငိုတာပါဘုရား)၊ ကမ်းနားသစ်ပင် သွားပြီး တစ်ခါတည်း ခိုကိုးရာအားထားရာဆိုပြီး ဆွဲလိုက် တော့၊ နဂိုက ကမ်းနားသစ်ပင်၊ အနိစ္စပင်ပါလို့ ပြောထား ဒါပဲ. . . (မှန်လှပါဘုရား)။

ကမ်းနားသစ်ပင်ဆိုတာ ဒကာစိန်တို့ မြင်ဖူးလိမ့်မယ်၊ အမြစ်တွေရေစားလို့ ဘာမှတွယ်တာစရာ ကမ်းလဲမရှိဘူးတဲ့၊ ရေထဲတန်းလန်းကြီးကျနေတယ်၊ အဲဒါသွားဆွဲတာ။

အဲဒါ သွားဆွဲတော့ ဆွဲတဲ့ပုဂ္ဂိုလ်မှာ ဒီပင်လုံးကြီးက ပိမလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ သူက ယူလာ တဲ့မြေစိုင်က ကိုယ့်ပါးစပ်ထဲဝင်၊ မျက်လုံးထဲမဝင်ပေဘူးလား . . . (ဝင်ပါတယ်ဘုရား)။

အမလေး ဆင်းရဲတဲ့အထဲမှာ အမောတိုးလာသေး တယ်၊ ဒုက္ခပိုလာသေးတယ်၊ မဆိုထိုက်ဘူးလား. . . (ဆို ထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ မျောနေတဲ့အထဲမှာ မြုပ်စရာအကြောင်းတွေ ခင်ဗျားတို့က အားကိုးအားထား ထားကြပြန်တော့ ဒီဒကာဒကာမတွေအတွက် ဘယ်လိုကယ်၊ ဘယ်လိုဆယ်ရပ့်မလဲဆိုတာ ဘုရားသခင်ကိုယ်တော်မြတ် နှင့်တကွ ဘုန်းကြီးတို့လို အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေက ဒါ

ဒီလိုကယ်မှုဖြစ်တော့မှာပဲ၊ သူတို့ဟာကဖြင့် မျောမှန်းလည်း မသိဘူး၊ ကမ်းနားသစ်ပင်လည်း ဆွဲချင်သေးတယ်။

## မျောရာမှ မြုပ်မှာစိုးလို့ တရားဟောနေရတယ်

မျောနေတာလဲ သူတို့မသိ၊ ကမ်းနားသစ်ပင်ခိုင်မခိုင်လည်း သူတို့ကမကြည့်၊ မျောလည်းနေသေးတယ်၊ ခိုင်တာလည်း မကြည့်ပဲနဲ့ အရမ်းဆွဲရင်ဖြင့် မျောရာက မြုပ်ရှာတော့မယ်ဆိုပြီး တရားဟောနေရတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဘယ်အတွက်ကြောင့် တရားဟောနေရလဲ. . . (မျောရာကမြုပ်တော့မှာမို့လို့ပါဘုရား)၊ အေး ဒါကြောင့် ဘုရားပွင့်လာတာလည်း ဒကာဒကာမတွေ ဤအတိုင်းသာ မှတ်ကြပါ။

မျောနေတဲ့အထဲမှာ အားကိုးလွဲပြီး ဆွဲလိုက်ပြန်လို့ ရှိရင်ဖြင့် သူတို့အပေါ်ပိပြီး သူတို့သာလျှင် ဖိ၊ သူတို့သာလျှင် မြုပ်၊ ဒီလိုဖြစ်မှာစိုးရိမ်တဲ့အတွက်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တရားထူးတရားမြတ်တွေကို ယခု ကိုယ်တော်မြတ်ကြီး ဟောကြားဆုံးမတဲ့အတိုင်း ဘုန်းကြီးများက ဒကာဒကာမတွေ မျောနေတာမြင်လို့ ဒီအတိုင်းသာ၊ ငါပစ်ထားရင် မြုပ်ချေသေးရဲ့ဆိုတာ သေချာတယ်၊ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဘယ်လိုသေချာသတုံးဆိုတော့ ကြည့်စမ်းတဲ့ ဒကာ ဒကာမတို့ အမေအားကိုးတော့ အမေကပြုတ်ကျတယ်၊ ပြုတ်ကျမှာပေါ့၊ သူက ဘာအမျိုးတုံးဆိုတော့ အနိစ္စအမျိုး၊ ကမ်းနားသစ်ပင်မျိုးဘုရား၊ အနိစ္စမျိုး (မှန်လှပါ)။

အဖေအားကိုးတော့ (ကမ်းနားသစ်ပင်မျိုးဘုရား)၊ အနိစ္စမျိုး၊ ဆိုတော့ ဘယ်သူ့အပေါ် ပြုတ်ကျသတုံး. . . (အားကိုးတဲ့ပုဂ္ဂိုလ်အပေါ်ပါ)၊ အားကိုးတဲ့ပုဂ္ဂိုလ်အပေါ်ပေါ့ ဒကာစိန်ရာ၊ အမေအားကိုး၊ အဖေအားကိုးတဲ့ပုဂ္ဂိုလ်အပေါ် ပေါ့၊ သဘောကျပလား. . . (ကျပါပြီ)း

အဲတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြုတ်ကျပြီး ကြပါပြီလို့ ကိုထွန်းအောင်ဆိုရင် လွဲပါ့မလား. . . (မလွဲပါ ဘုရား)၊ အင်း- ဒါကြောင့် ခင်ဗျားတို့အတွက်မှာဖြင့် ရှေးက ပြုတ်ကျတာတောင် ခုထက်ထိ အဆွဲလက်မလျော့သေးဘူး. (မှန်ပါ့)။

## တဏှာက အမျှောသမား

တွေ့ရင် စွဲဦးမဟဲ့၊ ခင်ဦးမဟဲ့၊ မင်ဦးမဟဲ့၊ အားကိုးဦး မဟဲ့ ဆိုပြီး ခင်ဗျားတို့ မျှောသက်ရှည်ကြီးနဲ့ အခုတစ်ခါ ဆွဲဦးမဟဲ့ လို့ လုပ်နေကြပြန်ပြီ (မှန်ပါ့)။

ပြုတ်ပါလိမ့်ဦးမယ်၊ ပိပါလိမ့်ဦးမယ်၊ မြုပ်ပါလိမ့်ဦး

မယ်လို့ဆိုတာ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ် ဘုရား)၊ အင်မတန်စိုးရိမ်လို့ပြောတာနော်။

ခင်ဗျားတို့ကကော အမျှောရပ်ပလား. . (မရပ်သေး ပါဘုရား)၊ မရပ်သေးဆိုတာကလည်း တခြားမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ တဏှာမသေသေး၊ မရပ်သေး၊ ဟုတ်ပလား၊ တဏှာမသေသေးတဲ့အခါကျတော့ အမျှောတော့ရပ်ပါ့မလား (မရပ်ပါ)။

## သက္ကာယဒိဋ္ဌိက အဆွဲသမား

သက္ကာယဒိဋ္ဌိမပြုတ်သေးတော့ ဆိုင်တယ်ထင်ပြီး တစ်ခါအားကိုးကြလိမ့်ဦးမယ်၊ တဏှာနဲ့သက္ကာယဒိဋ္ဌိ၊ တဏှာ ကအမျှောသမား၊ သက္ကာယဒိဋ္ဌိက မခိုင်တာ ခိုင်တယ်လို့ ထင်ပြီး ဆွဲသမားပေါ့ဗျာ။

အဲဒီ ဆွဲချလိုက်တဲ့အခါကျတော့ ကမ်းနားသစ်ပင်နဲ့ တူတဲ့အနိစ္စခန္ဓာကိုယ်တွေ၊ ဆွဲမိမှာပေါ့၊ ဆွဲမိတော့ ဆွဲသော ပုဂ္ဂိုလ်အပေါ်မှာပဲ ပြုတ်ကျတယ်၊ ဒကာဒကာမတွေ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)။

အဲဒါဖြင့် ဒကာဒကာမတွေ ယခု ဘယ်အခြေအနေ စိုက်နေသတုံးဆိုတော့ မျှောတုံးပါပဲဘုရား၊ မျှောလို့ရှိရင် ကမ်းနားသစ်ပင်မဆွဲစေနဲ့ဆိုတော့ တပည့်တော်တို့က အားကိုးမရှိရင် နေမဖြစ်တဲ့။

ဆိုပြီးသကာလ၊ သားအားကိုး၊ သမီးအားကိုး၊ ခင်ပွန်းအားကိုး၊ ပစ္စည်းအားကိုး၊ အဲဒါတွေက အနိစ္စတွေ၊ ပြုတ်ချည်းကျနေတယ်။

ပစ္စည်းဆိုတာက အခုရှိလိုက်၊ တော်ကြာမရှိလိုက်၊ အနိစ္စကိုး. . . (မှန်ပါ့)၊ သား၊ လင်၊ ခင်ပွန်း ဆိုတာလည်း အခုအကြောင်းညီညွတ်တယ်၊ တော်ကြာအကြောင်းမညီညွတ်ဘူးဆိုတာ အနိစ္စ. . . (အနိစ္စပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

သမီးလေးအားကိုး၊ ကြီးရင်အားကိုးရမယ်ဆိုပြီး ဖျပ်ခနဲ၊ ဖျပ်ခနဲ ပျက်စီးသွားပြန်တော့၊ သစ်ပင်လိုပဲ ပြုတ်ပြုတ်ကျတယ်။ ဒီအမေကြီး ခက်ပါပေ့လား၊ ဒီအဖေကြီး ခက်ပါပေ့လားဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ပြုတ်ကျလို့ငိုကြတာဗျ ဟုတ်လား၊ ငါ့ဖြင့် နင်ဒုက္ခရောက်အောင်လုပ်ပစ်ခဲ့တာပဲ၊ ဆိုတာ ကမ်းနားသစ်ပင်ပြုတ်ကျတာ. . . (မှန်ပါ့)၊ ကမ်းနားသစ်ပင်ပြုတ်ကျတုန်းက ဟိုမှာအော်လိုက်တဲ့ဖြစ်ခြင်း၊ တစ်ခါတည်းတက်သွားမတတ်အော်လိုက်တယ်။

ဘာဖြစ်ကြတာတုံး. . . (ကမ်းနားသစ်ပင်ပြုတ်ကျတာပါ)၊ ဒီက ခိုင်တာဆွဲတာလား၊ မခိုင်တာဆွဲတာလား. . (မခိုင်တာဆွဲတာပါဘုရား)။

ဒါ အနိစ္စသွားဆွဲတာကိုး၊ နိစ္စ နိဗ္ဗာန်ဆွဲလိုက်ပါလား၊ ဘယ်တော့ပြုတ်ကျမှာတုံး၊ အခုတော့ သူအဆွဲလွဲလို့ သူ့အပေါ်ပြုတ်ကျတာကို၊ ကျုပ်ကယ်ကြပါဦး ဆိုတော့ မကယ်နိုင်ဘူးသာ ပြောလိုက်နောက်ကို. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဘယ်လိုငိုနေနေ ခင်ဗျားတို့က ဘယ်လိုအောက်မေ့ကြမတုံး၊ သူအဆွဲလွဲလို့ သူ့ဟာသူပိတာဆို သေသေကွာလို့ လုပ်၊ ဒကာစိန် ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ပိလဲ မကယ်နိုင်ပါဘူး၊ ပြောရုံသာပဲ (မှန်ပါ့)၊ အေး- ဒကာစိန်တို့က ပြောမှာပဲလေ. . . (မှန်ပါ့)။

မင်းတင်သေတာမဟုတ်ဘူး၊ မင်းဆွေမျိုး၊ မင်းအဖေ၊ မင်းခင်ပွန်းတင်သေတာမဟုတ်ဘူး၊ တစ်မြို့လုံး သေမျိုးချည်းပဲကွ (မှန်လှပါဘုရား)၊ ဒီလိုတော့ ဒကာစိန်တို့လည်း သုံးမှာပဲ . . . (သုံးပါတယ်ဘုရား)၊ သုံးမှာပဲတဲ့။

သို့သော် ကိုယ်ကလည်းမျောတုန်း၊ ဆွဲလည်းဆွဲတုံး၊ ဆွဲတုန်းဆိုတော့ ကိုယ်လည်းမြုပ်ပြန်၊ မျောပြန်တဲ့အခါ၊ ငါ့ကယ်ကြပါဦး၊ ကူကြပါဦးမလုပ်နဲ့ဦး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ခင်ဗျားတို့ အားကိုးလေသမျှ ယခုကစပြီး မခိုင်မှန်းသိကြပါတော့၊ သားလေးအားကိုးလည်း ရုပ်နဲ့နာမ်ပဲ အနိစ္စ

ဘုရား၊ အားကိုးလို့မဖြစ်ဘူးဘုရား၊ သဘောကျပလား. . . (ကျပါပြီ)။

အဲ့တော့ကို သမီးလေးအားကိုးပြန်လည်း အင်းဒါလေးတွေဟာလည်း ဘာလေးတွေပါလိမ့်. . . (အနိစ္စပါဘုရား)၊ ကမ်းနားသစ်ပင်အနိစ္စ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ခင်ပွန်းအားကိုးလိုက်ပြန်တော့လည်း . . . (ကမ်းနားသစ်ပင်အနိစ္စပါ)၊ ခင်ပွန်းမအားကိုးလိုက်ပြန်တော့ကော. . . (ကမ်းနားသစ်ပင်အနိစ္စပါဘုရား)။

## လောကကြီးထဲမှာ ခိုကိုးရာမရှိ

ဒါဖြင့် လောကကြီးထဲမှာဖြင့် ခိုကိုးရာ၊ အားထားရာ၊ ကိုးစားရာ၊ ဆွဲကိုင်ရာ မရှိပါဘူး. . . (မှန်ပါ့ဘုရား)။

လောကပြင်ဘက်ဆိုတဲ့နိဗ္ဗာန်သာလျှင်၊ နိစ္စ နိဗ္ဗာန်ဆိုလို့၊ ခိုင်တယ်၊ မြဲတယ်၊ ဘယ်သူပဲလာအောင်းအောင်း၊ ဟုတ်လား၊ နိဗ္ဗာန်ဖြင့် ညှိုးလာတယ်၊ ကိုင်းလာတယ်၊ ပြုတ်ကျတယ်လို့ မရှိဘူး (မှန်လှပါဘုရား)။

ဒါကြောင့် နိစ္စ နိဗ္ဗာန်၊ ဓုဝနိဗ္ဗာန်၊ ဒကာဒကာမတွေ ဆွဲမိမှသာလျှင် ပြုတ်ကျတဲ့ဒဏ်ချက်နဲ့ အသက်မထွက်မယ် ဆိုပြီး ဟောရတာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အခုဖြင့် ဘုန်းကြီးပြောနေတာက၊ နည်းပါလိမ့်ဦး မယ်ထင်ပါတယ်၊ ဒကာဒကာမတွေပြုတ်ကျတဲ့ဒဏ်ချက်ပိခဲ့ ရတာ ဒဏ်ချက်ပေါင်းဘယ်လောက်ရှိပြီလဲ. . . (မရေမတွက် နိုင်ပါဘူးဘုရား)၊ ဒီဘဝတွင် ဒီဘဝတွင်။

နောက်တုန်းကပြုတ်ခဲ့ရတာတွေ မြုပ်ခဲ့ရတာ အသာ ထားစမ်းပါ၊ ဒီဘဝတွင်ဘဲ ဆွေမျိုးအားကိုးလို့ ဆွေမျိုးသေ၊ အင်မတန်ကုန်အရောင်းအဝယ်၊ ကိုယ့်စွံအောင်လုပ်ပေးတဲ့ ပုဂ္ဂိုလ်၊ ကိုယ့်ကုန်ပေးနေတဲ့ပုဂ္ဂိုလ်၊ သူ့အားကိုးနေတယ်၊ သူက ပြုတ်ကျ၊ ဖောက်သယ်တွေကပြုတ်ကျ၊ ကိုယ့်အလုပ်တွေက စီးပွားရေးကပြုတ်ကျ။

ဟာ. . ဒါဖြင့် အားကိုးတဲ့ ပုဂ္ဂိုလ် အပေါ် မှာဖြင့် စားမဝင်၊ အိပ်မပျော်၊ မျက်ရည်ကြီးငယ်ကျပြီး ဒေါသဇောနဲ့ ချည်းပဲ မြုပ်လမ်းချည်းသွားနေတယ်၊ ရိပ်မိပလား. . . (ရိပ်မိ ပါပြီ)။

အဲဒါကြောင့် လောကကြီးထဲမှာ ဒကာဒကာမတို့ ကမ်းနားသစ်ပင်အနိစ္စသာရှိ၍ ကိုးစားရာ၊ အားထားရာမရှိ ပါဘူးဆိုတာ ယခုကသေသေချာချာမှတ်ပါ၊ သဘောကျ ပလား. . . (ကျပါပြီ)။

ကိုင်း- ဘုန်းကြီးတို့ ဒကာဒကာမတွေ သံယုတ်ပါဠိ တော်မှာလာတဲ့အတိုင်း ကဲ- ဒါဖြင့် သားလည်းအားမကိုး

တော့ပါဘူး၊ အင်း- သားဟူသောအမှတ်သည် ပညတ်ပဲဟ၊ အကြောင်းညီညွတ်သလို ဖြစ်မှာပဲဟ၊ အားကိုးအားထား တော့ဖြင့် မထားတော့ဘူး၊ အဘယ့်ကြောင့်ဆိုတော် ကမ်းနား သစ်ပင်နဲ့တူတဲ့ အနိစ္စဖြစ်သောကြောင့်။

ခင်ပွန်းလည်းအားမကိုးတော့ပါဘူး၊ ဘာကြောင့်တုံး ဗျာ. . . (ကမ်းနားသစ်ပင်နဲ့တူတဲ့အနိစ္စဖြစ်သောကြောင့်ပါ ဘုရား)။

## မဂ္ဂင်ဖောင်သာအားကိုး

အဲတော့ ဒကာဒကာမတို့ ဘယ်သူ့အားကိုးကြမလဲ လို့မေးလို့ရှိရင်ဖြင့် အခုဘုန်းကြီးဟောလတ္တံ့ဖြစ်တဲ့ မဂ္ဂင် ဖောင်ကြီးသာ အားကိုးပါ. . . (မှန်လှပါဘုရား)။

ဘယ်လိုလှိုင်း၊ ဘယ်လိုလေ၊ ဘယ်လိုပဲ၊ ဘယ်လိုရေ ကြော၊ ဘယ်လိုရေကြောင်း သူ့ဖြင့်မြုပ်အောင်၊ မျောအောင် မလုပ်နိုင်ဘူး။

ဆန်တက်တဲ့မဂ္ဂင်ဖောင်ကို၊ ကိုယ်ပိုင်၊ ကိုယ်တိုင်ရမှ သာလျှင် ဘယ်သူ့မှအားမကိုးရပဲနဲ့၊ ကိုယ့်အပေါ်ပြုတ်ကျတာ လွတ်ပြီးသကာလ၊ ဒကာဒကာမတွေ ဆန်တက်တဲ့နိဗ္ဗာန်၊ ခိုင်မြဲတဲ့နိဗ္ဗာန်ကို သူကယူဆောင်ပို့ပါလိမ့်မယ်၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ယခုအခြေအနေဖြင့် ဖောင်မရှိရင်ခက်သေးတယ်၊.မခက်ပေဘူးလား. . . (ခက်ပါတယ်)။

အဲဒါကြောင့် ယနေ့ဖြင့် မဂ္ဂင်ဖောင်ကြီးဆင်ပြီးသကာလ ဒကာဒကာမတွေ ဟောဒီမဂ္ဂင်ဖောင်ဝမ်းထဲက မထွက်စေနဲ့. . . (မှန်လှပါဘုရား)။

ဟောဒီမဂ္ဂင်ဖောင်ဝမ်းထဲက မထွက်စေနဲ့ဆိုတာဖြင့် ဘုန်းကြီး အရေးတကြီးပြောရလိမ့်မယ်။

မပြောလို့ရှိရင် ဒကာစိန်ရ၊ ဒကာဒကာမတွေက ကမ်းနားသစ်ပင်တွေ လျှောက်ဆွဲနေပြန်ပြီ၊ ဘာဖြစ်စရာမြင်တုံး. . . (ပြုတ်မှာမြုပ်မှာပါ)။ အေး- သူ့မျက်လုံးထဲဝင်ပြီးသကာလ ဆူးတွေစူးပြီးသကာလ၊ သူသာလျှင် မြုပ်စရာ၊ မျောစရာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## လောကကြီးထဲ အားကိုးရာမရှိ

အဲဒါကြောင့် ဒကာဒကာမတို့ ခင်ဗျားတို့လောကကြီးထဲမှာဖြင့် အားကိုးရာမရှာလိုက်ကြပါနဲ့၊ မရှိလို့ပြောနေပါတယ်၊ (မှန်လှပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ရှိလို့ပြောတာလား၊ မရှိလို့ပြောတာလား. . . (မရှိလို့ပြောတာပါဘုရား)၊ ကိုယ်ကိုယ်တိုင်ဆွဲကြည့်လို့ ပြုတ်ကျတာတွေမြင်ပါလျက်သားနဲ့ ဒကာဒကာမတို့ ကြီးတဲ့ပုဂ္ဂိုလ်မို့

သေတာ၊ ငယ်တဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင်ဖြင့် ကိစ္စမရှိဘူးလို့များ ထင်သေးသလား. . . (မထင်ပါဘူးဘုရား)။

ငယ်တဲ့ပုဂ္ဂိုလ်လည်း ကမ်းနားသစ်ပင်အနိစ္စပဲ၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒါနဲ့ပဲ ဘေးကဟာတွေအားကိုးလို့ ပြုတ်ကျတာတွေမြင်တော့ တချို့ဒကာဒကာမတွေက ဒီလောက်ပြုတ်ကျနေတာတောင်မှ ကိုယ်မြုပ်မျှောတဲ့သဘောတွေ ကိုယ့်ဟာကိုယ်တွေ့နေတာတောင်မှ မလျှော့သေးဘူးဟ။

ကိုယ့်ဟာကိုယ် အားကိုးဦးမယ်ဆိုပြီး ကိုယ့်ခန္ဓာငါးပါး ကိုယ်အားကိုးပြန်တယ်၊ မှန်ပ့ါ၊ ဖျင်းလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ မပြောပါနဲ့တော့ ကိုထွန်းအောင်ရေ. . . (မှန်လှပါဘုရား)၊ အားကိုးပြောင်းပြန်ပြီဗျာ။

## ကိုယ့်ခန္ဓာ ကိုယ်အားကိုးပြန်တယ်

ဘယ်လိုများပြောင်းလိုက်ပါလိမ့်. . . (ကိုယ့်ဟာကိုယ်အားကိုးပါတယ်ဘုရား)၊ ကိုယ့်ခန္ဓာကိုယ် ကိုယ်အားကိုးပြန်တော့လည်း အင်း- သူများအားကိုးနေရတာ၊ သူများအားကိုးတာတွေသည် ဘာမှအသုံးမကျခဲ့ဘူး၊ အားကိုးရာ၊ ကိုးစားရာ ဘာမှမရခဲ့ဘူး။

ကိုယ့်လက်ကိုယ့်ခြေနဲ့ ကိုယ့်ဟာကိုယ်ပဲ အားကိုးပါ

တော့မယ်ဆိုပြီးသကာလ ကြက်မဖြစ်စေကာမူ တွန်ပဟာ ဆိုတဲ့သဘောလေး၊ မိန်းမစွမ်းကောင်းတွေရှိသေးတာကိုးဗျ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒီကဲ့သို့ ကိုယ့်ဟာကိုအားကိုးပါဦးမယ်ဆိုပြီး အားကိုးပြန်တော့လည်း ဘာအားကိုးသတုံးဆိုတော့ မျက်လုံး ရှိတော့ မျက်လုံးအားကိုးတယ်. . . (မှန်ပါ့)။

နားရှိတော့ (နားအားကိုးတယ်)၊ အေး- ဒီလိုမျက်လုံး က ကိုယ်တိုင်မြင်ပြီး ကိုယ်တိုင်ကြားဖော်ရရင် ထမင်းတစ် လုပ်ကိစ္စမရှိဘူး၊ ကိုယ့်ဟာကိုယ် ကိုယ့်မျက်လုံးနဲ့ကိုယ့်နား အားကိုးတယ်။

အမလေး. . ဒကာဒကာမတို့ မခိုင်တာပြောင်းလိုက် ပြန်ပြီ။

အရင်မခိုင်တာတွေသိလျက်သားနဲ့ နောက်မခိုင်တာ ကိုင်ပြန်ပေါ့လား၊ တယ်လည်းဆိုးပါလား. . (မှန်လှပါဘုရား)။

ဟော့- ဒေါ်အုန်းခင်ကြီးသဘောကျပလား. . . (ကျ ပါပြီဘုရား)၊ အခုကြည့်ပါ၊ ကိုယ့်ကိုယ်ကိုယ်အားကိုးမယ်ဟော့ ဆိုပြီး သကာလ နေတဲ့မုဆိုးမတွေလည်း ရှိတယ်၊ မုဆိုးဖိုတွေ လည်းရှိတယ်၊ ဒကာစိန် စောင်းတယ်များအောက်မမေ့နဲ့ . . . (ကိစ္စမရှိပါဘူးဘုရား၊ ခံနိုင်ပါတည် တပည့်တော်)၊ ကဲ- ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ကိုယ်ကိုယ် အားကိုးမယ်ကွ၊

ဘယ်သူမရှိ၊ ရှိရှိ ထွက်သွားကွ ဘာမှအရေးမကြီးဘူးကွဆို တော့လည်း သူ့ဟာက အနိစ္စပြန်ပြီးဆွဲပြန်တာပဲ။

## ဝေဒနာက္ခန္ဓာကြီး အားကိုးပြန်တယ်

ဘယ်သူ့အားကိုးပြန်လည်းဆိုတော့ ခန္ဓာငါးပါး အားကိုးပြန်တယ်။

မျက်လုံးဆိုတော့ ဥပေက္ခာဝေဒနာကို သွားအားကိုး လိုက်တယ်၊ နားဆိုတော့ ဥပေက္ခာဝေဒနာ (အားကိုးပါတယ်)၊ အေး- နှာခေါင်းဆိုတော့ ဥပေက္ခာဝေဒနာ (အားကိုးပါ တယ်)၊ လျှာဆိုတော့ ဥပေက္ခာဝေဒနာ (အားကိုးပါတယ်)

အေး- ကိုယ်ဆိုတော့ သုခ၊ ဒုက္ခ (အားကိုးပါတယ်)။

အေး- ဝမ်းထဲမှာပေါ်တဲ့ကြံလုံး၊ ဖန်လုံးဆိုတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဒါလဲ (အားကိုးပါတယ်ဘုရား)။

အဲဒီတော့ ဝေဒနာက္ခန္ဓာကြီး သွားအားကိုးလိုက်ပြန် တော့လည်း၊ ဝေဒနာက္ခန္ဓာကလည်း အနိစ္စ၊ အင်း လွဲပါလိမ့် ဦးမယ်၊ ပြုတ်ပါလိမ့်ဦးမယ်၊ ဘယ်သူ့အပေါ်ပြုတ်မလဲ. . . (ကိုယ့်အပေါ်ပြုတ်မှာပါဘုရား)၊ အားကိုးတဲ့ပုဂ္ဂိုလ်အပေါ်ပဲ ပြုတ်လိမ့်မယ်၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ရိပ်မိတော့ ဒီနေ့ဟောတဲ့တရားကဖြင့် ဘေးက သား လင်၊ ခင်ပွန်း၊ ဆွေမျိုးညာတကာလည်း အားမကိုးပါနဲ့၊ ကိုယ့်

ကိုယ်လည်း အားမကိုးပါနဲ့ ပြုတ်ကျမှာ၊ အနိစ္စတွေသာ ဖြစ်နေပါတယ်ဆိုတာ သေချာအောင်ပြောတာ. . (ဒါ တယ်အဖိုးတန်ပါတယ်ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

သူတပါးလည်း အားမကိုးပါနဲ့. . . (အားမကိုးပါဘုရား)၊ ပြုတ်ကျမှာချည်းပဲ၊ ကိုယ့်ခန္ဓာငါးပါးလည်း. . . (အားမကိုးပါဘုရား)၊ ဘာကြောင့်တုံး ဒကာစိန်. . . (ပြုတ်ကျမှာပါဘုရား) အနိစ္စတွေလေ။

## ခန္ဓာငါးပါးဟာ အနိစ္စ

သဗ္ဗေသင်္ခါရာအနိစ္စ - မမြဲပါဘူးဆိုတာ သွားဆွဲလိုက်ရင်တော့ဖြင့် မမြဲသလိုတော့ပြလိုက်မှာပဲ. . . (ပြမှာပါဘုရား)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ကိုယ့်ခန္ဓာအားကိုးတော့ ကိုယ့်ခန္ဓာကလည်း (အနိစ္စပါဘုရား)၊ ခင်ဗျားတို့ရပြီးသားပဲ သဗ္ဗေသင်္ခါရာအနိစ္စ၊ အလုံးစုံသော ခန္ဓာငါးပါးဟာ အနိစ္စဆိုတာ မမြဲပါ။

မမြဲတာသွားဆွဲရင် ဘာဖြစ်မယ်ထင်သလဲ (ပြုတ်ကျမှာပါဘုရား)၊ ပြုတ်ကျရင် ဘယ်လူပိမှာတုံး (ဆွဲတဲ့လူပိမှာပါဘုရား)၊ ကိုင်း ဒကာစိန်ရေ ဆွဲတဲ့ပုဂ္ဂိုလ်မှာ ပိမယ်တဲ့။

ကွာ ငါကောင်းတာလေးတွေ ကုန်ပ့ါပေ့ါလားကွဆိုတော့၊ ကိုယ့်သုခဝေဒနာကလေးတွေ ပျက်သွားတာနဲ့ ကိုယ်ဒုက္ခရောက်တယ်၊ ဟုတ်ဘူးလား။

ငါ့ မျက်လုံးကလေးနဲ့ ထမင်းစားနေတာ၊ ဒီမျက်လုံးလေးအခုဒီလိုဖြစ်သွားတာ ငါမခက်သေးဘူးလားဆိုတော့ မျက်လုံးဥပေက္ခာဝေဒနာအားကိုးတာနဲ့ ငါပါပိပြန်ပြီ၊ သဘောကျပလား ဒကာစိန်တို့ . . . (ကျပါပြီဘုရား)။

ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဥပမာကွာ ဒီစိတ်ကလေးချမ်းသာနေတာ ဘယ်နှယ်တုံးကွာ၊ ဒုက္ခကြီးလှလှရပါပေါ့လား၊ သုခဝေဒနာ အနိစ္စလေးဖြစ်သွားတော့လေ၊ ဒကာဒကာမတွေက သုခဝေဒနာနောက်ကနေပြီး ဒေါသတွေကလိုက်မလာဘူးလား. . . (လိုက်လာပါတယ်ဘုရား)။

သူများ အားမကိုးတော့ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်အားကိုးလိုက်ပြန်တော့လည်း အနိစ္စပဲသွားအားကိုးမိလိုက်ပြန်လို့ အားကိုးတဲ့ပုဂ္ဂိုလ်ပဲ ပြန်ပိပြန်တယ်၊ အဲဒါကြောင့် ဒီနေ့တရားနာကြတဲ့ ဒကာဒကာမတွေ သေသေချာချာ မှတ်လိုက်ပါတော့။

သား၊ လင်၊ ခင်ပွန်း၊ ဆွေမျိုးညာတကာလည်း အနိစ္စတွေမို့ အားမကိုးလိုက်ပါနှင့်၊ မိမိခန္ဓာငါးပါးကြီးကိုလည်း. . . (အားမကိုးလိုက်ပါနဲ့)။

သဗ္ဗေသင်္ခါရာ အနိစ္စလို့ ခန္ဓာငါးပါးအနိစ္စလို့ ဆိုသောကြောင့် ပြုတ်ကျမှာတွေဖြစ်လေသောကြောင့် လည်း အားမကိုးလိုက်ပါနဲ့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## မဂ္ဂသစ္စာမြန်မြန်ရအောင်လုပ်ပါ

ဘာအားကိုးရမလဲလို့မေးတော့ နိစ္စနိဗ္ဗာန်ကို ရောက်ရာရောက်ကြောင်းဖြစ်တဲ့၊ မဂ္ဂသဿနိယျာနတ္ထောဆိုတဲ့ မဂ္ဂသစ္စာ မြန်မြန်ရအောင် လုပ်ပြီးသကာလ၊ နိဗ္ဗာန်သာဆွဲကိုင်လိုက်ပါတော့၊ မင်္ဂမျက်လုံးနဲ့ နိဗ္ဗာန်ဆွဲကိုင်လိုက်ရင်၊ မြဲသည်၊ ခိုင်သည်၊ တည်သည်တန့်သည်၊ ပြုတ်ကျစရာတစ်ကွက်မှ၊ တစ်စက်မှ မရှိတော့ပါဘူးဆိုတာ သေချာမှတ်ကြပါတော့။

ဒါကြောင့် ဒကာဒကာမတွေ ခန္ဓာကိုယ်ကြီးကို အနိစ္စကိုပြုပြီးသကာလ ဝေဒနာက္ခန္ဓာကြီးကို အနိစ္စပြဟောနေတာ မခိုင်မှန်းသိရင် အားမကိုးပါစေနဲ့၊ အားကိုးရင် မြုပ်မှာစိုးလို့၊ ဝေဒနာက္ခန္ဓာကနေပြီးသကာလ မဂ္ဂင်ဖောင်ကြီးပေါ်လာပြီး၊ နိဗ္ဗာန်အမြင်ဆိုက်ပြီး ဆွဲရာကိုင်ရာရှိပါစေတော့ အသွားနဲ့ဟောနေတာ. . . (အတော်ကျေးဇူးများပါတယ်ဘုရား)၊ ရိပ်မိကြပလား. . . . (ရိပ်မိပါပြီ)။

အင်မတန်မှမှတ်သားစရာကောင်းတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး တန်ဆာဆင်ပြီးသကာလ သံယုတ်ပါဠိတော်ပုပ္ဖဝဂ် ခန္ဓဝဂ္ဂသံယုတ်မှာ ဒီဟာ ဟောတော်မူတာသည် ဒကာဒကာမတို့အတွက်မှာဖြင့် ဩော် ယနေ့နာရတဲ့တရားဟာဖြင့် ဘေးလည်းအားမကိုးနဲ့တဲ့၊ ဆွေမျိုးညာတကာလင်သားခင်ပွန်း အားမကိုးနဲ့တဲ့။

ဘာကြောင့်တုံး. . အနိစ္စတွေမို့ ပြုတ်ကျမှာစိုးလို့တဲ့။

ဒါတွေ အားကိုးလို့ အားကိုးလို့ ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက်တည်း ပြုတ်ကျမှာပဲ၊ နဂိုက အနိစ္စကို. . . (မှန်ပါ့ဘုရား)။

တော်ကြာ သားသေတယ်၊ ခင်ပွန်းသေတယ်၊ ဆွေသေတယ်၊ မျိုးသေတယ်၊ အမေသေတယ်၊ အဖေသေတယ်ဆိုတော့ ခင်ဗျားတို့မျက်ရည်ကြီးငယ်ကျပြီး၊ နဂိုက အားကိုးထားလို့၊ သွားဆွဲထားလို့ဖြစ်တာ။

## မဂ်ဉာဏ်ရရင် အားကိုးရပြီ

သူတို့နှင့်တကျှာအဆက်ပြတ်ပြီးသကာလ၊ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာတွေမဟုတ်ပါဘူး၊ ဒီဥစ္စာတွေ ငါ့ဥစ္စာတွေမဟုတ်ပါဘူး၊ ငါနဲ့ ဘာမှမဆိုင်ပါဘူး၊ အနိစ္စတွေသာမှန်ပါတယ်လို့များ၊ အနတ္တတွေ၊ မခိုင်တာတွေ မပိုင်တာတွေသာမှန်ပါတယ်လို့များ ဉာဏ်ကလေးရလိုက်လို့ရှိရင် ဘယ်သူ့အားကိုးဦးမလဲ. . . (ဘယ်သူ့မှအားမကိုးပါဘုရား)။

ဘယ်သူ့မှအားမကိုးတော့လည်း သူတို့ဟာသူတို့ပြုတ်ကျတာ ကျုပ်တို့နဲ့ဘာဆိုင်သလဲ. . . (ဘာမှမဆိုင်တော့ပါဘုရား)။

အခုတော့ ကိုယ့်ကိုယ်တိုင်က မလွတ်ပဲနဲ့ ဆွဲထား

တော့ ဒီအနိစ္စကြီး ပြုတ်ကျတာ ကိုယ့်အပေါ် အကုန်ရောက်ကြတာပေါ့။ ဘာလောက်များ ကြောက်စရာကောင်းသတုံး. . (ကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတွေ သူများပြောလား၊ ခင်ဗျားတို့လက်တွေ့လားမေးချင်ပါတယ်၊. . . (တပည့်တော်တို့လက်တွေ့ပါဘုရား) မျက် ရည်ကြီးငယ်များကျဖူးကြသလား (ကျဖူးပါတယ်ဘုရား)

ဟ- ဘာဖြစ်လို့တုံး. . . (မခိုင်တဲ့ဟာဆွဲလို့ပါဘုရား)၊ မခိုင်တဲ့ဟာဆွဲတော့ ဘယ်သူ့အပေါ်ပြုတ်ကျတုံး. . . (ဆွဲတဲ့ပုဂ္ဂိုလ်ပေါ်ပါဘုရား)။

အဲ- ဒါကြောင့် ဒကာဒကာမတို့ ငိုတဲ့ပုဂ္ဂိုလ်တွေ့တော့ ဘာပြုတ်ကျတုံးမေး၊ နောက်ကျတော့ ဒကာဒကာမတွေ အရင်တွေ့ပြီဆိုမှဖြင့် မျက်ရည်ကြီးငယ်တွေ ကျနေလိုက်တာ၊ ဘာပြုတ်ကျသတုံးမေး၊ သူ့သွားမေး၊ ဟုတ်လား။

ဘာပြုတ်ကျတုံးမေးတဲ့အခါကျတော့ သားလေးဆုံးလို့ သွားပြီးဆွဲထားတာကိုး၊ အင်း- ဒီဥစ္စာအနိစ္စ၊ ကမ်းနားသစ်ပင်ပဲ၊ ဘုရားကဟောထားတာ၊ ဆရာဘုန်းကြီးကဟောထားတယ်၊ ဘယ်သူ့မှ ကိုယ်ကမဆွဲနဲ့ ပြုတ်ကျမှာချည်းပဲ။

## ပြုတ်ကျမှာတွေ မဆွဲနဲ့

အငိုလွတ်ချင်လို့ရှိရင် ပြုတ်ကျမှာတွေမဆွဲနဲ့၊ အမြုပ်လွတ်ချင်လို့ရှိရင် ပြုတ်ကျမှာတွေကြောင့် ကိုယ်ပေါ် အပိမခံနဲ့ ဆိုတာမဟောထိုက်ဘူးလား. . . (ဟောထိုက်ပါတယ်)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

အခု ဒကာဒကာမတွေ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ နေကြထိုင်ကြရတာသည် သုံးနှစ်သုံးသီးတိုင်တိုင် မျက်ရည်ကြီးငယ်ကျပြီးသကာလ စားမဝင်အိပ်မပျော် ပြုတ်ကျနေလိုက်တာဗျာ. . . (မှန်လှပါဘုရား)။

မနည်းပါဘူးပြုတ်ကျနေလိုက်တာ၊ ဒကာဒကာမတွေ ပြုတ်ကျနေလိုက်တဲ့ပုဂ္ဂိုလ်တွေ၊ ဒကာ ဦးခင်ကြီးတို့ မြင်ဘူးရဲ့လား. . . (မြင်ဘူးပါတယ်)၊ အမလေး၊ သုံးနှစ်သုံးသီးတောင်မကသေးဘူး၊ အခုထက်ထိ မျက်လုံးထဲက မထွက်သေးဘူး၊ တွေးလိုက်ရင် မျက်ရည်လည်တုံးရှိသေးတယ်တဲ့. . (မှန်လှပါဘုရား)။

အမလေးပြုတ်ကျကြတာ ဘယ်လောက်များနာတယ်ဆိုတာ အတော်ကိုမဆိုးဘူးလား. . . (ဆိုးပါတယ်)။

အဲဒါကြောင့် ဒကာဒကာမတို့ ခင်ဗျားတို့အတွက်ဟာဖြင့် အမျောသမားတွေမှာ အားကိုးလွဲမှာဖြင့် ဘုန်းကြီးစိုးရိမ်တယ်ဆိုတဲ့ဥစ္စာဖြင့် ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

## မိမိတို့ဉာဏ်သာ မိမိတို့အားကိုးပါ

ဒါဖြင့် မိမိတို့ဉာဏ်သာ မိမိတို့အားကိုးရမယ်ဆိုတာ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီ)၊ အဲဒါ ဘုန်းကြီးပြောပြ ပါဦးမယ်တဲ့၊ မိမိတို့ဉာဏ်ကို မိမိတို့ အားကိုးလို့ ဘယ်သူခရီး ပေါက်သွားတယ်ဆိုတဲ့ဥစ္စာ၊ ဒကာဒကာမတို့ကို ရှင်းသည် ထက်ရှင်း၊ လင်းသည်ထက်လင်းအောင် ဝတ္ထုတိုကလေး ထုတ်ပြပါဦးမယ်။

ဒီဝတ္ထုတိုကလေးက ဘာတုံးဆိုလို့ရှိရင် ရှေးက ကလေးမလေးတစ်ယောက် ဘုရားလက်ထက်က ရှိတယ်။

## ဘိက္ခုနီမဝတ်ဖို့ စိတ်ကူးနေတယ်

ကလေးမလေးတစ်ယောက်က သူက ဘိက္ခုနီ အပျို အရွယ်ထဲက ဘိက္ခုနီမဝတ်ဖို့ကို စိတ်ကူးနေတယ်၊ အမေမိဘ ကလည်း သမီးတစ်ယောက်ဆိုပြီး ရွှေပေါ်မြတင်ဆိုပြီး အလွန်ချစ်တယ်၊ မခွဲနိုင်ဘူး။

မခွဲနိုင်တော့ သမီးကလည်း သူတော်ကောင်းစိတ် ကလေးရှိတော့ ဘိက္ခုနီမဝတ်ပြီးသကာလ ဒီအဝတ်နဲ့ပဲ နိဗ္ဗာန်လိုချင်တော့ အိမ်ထောင်သားမွေး အစရှိသောအလုပ် မလုပ်ချင်ဘူး။

## မိဘက အိမ်ထောင်ပြုပေးတယ်

မလုပ်ချင်တော့ အမေမိဘကလည်း အမွေစား၊ အမွေဆက်မှုမရှိတော့ ဒီကလေးမလေးအတွက် သူက အတင်းပဲ တစ်ယောက်သောသတို့သားနဲ့အိမ်ထောင်ပေးစား လိုက်တယ်။

အိမ်ထောင်ပေးစားလိုက်တော့ ကလေးမလေးက လိုက်ရရှာတာပေါ့လေ၊ မအေမိဘဩဇာ မလွန်ဆန်နိုင်တာနဲ့ လိုက်ပြီးသကာလ သွားတော့ ထိုသတို့သားနဲ့ သူနဲ့အိမ်ထောင် ကျရော။

အိမ်ထောင်ကျပြီး သတို့သား သူ့အကျိုးအကြောင်း ပြောပြတယ်၊ တစ်လ၊ နှစ်လ၊ သုံးလ နေတဲ့အခါကျတော့ ကျမဟာ ဘယ်သူနဲ့မှ ပေါင်းသင်းဆက်ဆံချင်တဲ့သဘော လည်း မရှိပါဘူး၊ သို့ရာတွင် မအေမိဘများကလည်း သမီး တစ်ယောက်ဆိုပြီးသကာလ သူတို့အမွေအဆက်ပြတ်မှာစိုး တာနဲ့ ကျမကို ရှင့်နောက်ကိုထည့်လိုက်တယ်။

ကျမ နဂိုစိတ်ကဖြင့် ဘိက္ခုနီမလုပ်ချင်တာအမှန်ပဲ။

အရင်တုံးကဖြင့် အမေမိဘဆီတောင်းပန်ပါတယ်၊ ထိုကဲ့သို့ တောင်းပန်ငြားသော်လည်း သူတို့က လက်မခံဘူး၊ မရဘူး၊ အဲဒါနဲ့ ရှင့်နောက်ရောက်လာတယ်။

## ဘိက္ခုနီမ ဝတ်ခွင့်ရတယ်

ရောက်လာတော့ အခုတော့ အမေမိဘလည်းမပိုင်ဘူး၊ ရှင်ကပဲ ပိုင်တယ်၊ အဲတော့ ကျမ၏ပါရမီကူညီဖြည့်သောအားဖြင့် ဘိက္ခုနီမလုပ်ခွင့်ပေးပါ။

ကလေးမလေးက အကျိုးအကြောင်းပြောတယ်၊ အဲဒီကဲ့သို့ အကျိုးအကြောင်းပြောတော့၊ ကလေးမလေးက မွန်မွန်ရည်ရည်လည်းရှိ၊ ယောကျ်ားကလည်း သူတော်ကောင်းသဘောရှိတာနဲ့ ကောင်းပြီလေ၊ ဒါဖြင့် ငါကပဲ ဘိက္ခုနီမကျောင်း လိုက်ပြီးသကာလ ပို့တော့မယ်ဆိုပြီးသကာလ ဘိက္ခုနီမကျောင်းရောက်သွားတယ်။

ဝတ်ပါတော့ဆိုပြီး ကောင်းသောခွင့်ပြုခြင်းနဲ့ ခွင့်ပြုလိုက်တယ်။

ခွင့်ပြုလိုက်တော့ ပေါင်းသင်းဆက်ဆံပြီးသကာလနေတာက တစ်လနှစ်လ သုံးလနေတော့ ဘိက္ခုနီမကျောင်းရောက်လို့များမကြာမီ ဒီကပေါင်းသင်းဆက်ဆံခဲ့တဲ့အတွက်ကြောင့် ကိုယ်ဝန်လေးပေါ်နေတယ်။

ကိုယ်ဝန်လေးပေါ်ပြီးသကာလနေတော့၊ ပို့ထားတာကလည်း ဘယ်ကျောင်းရောက်သွားသလဲဆိုတော့ ဒေဝဒတ်တို့အုပ်စုဘက်က ကျောင်းရောက်သွားတယ်. . . (တင်ပ့ါ)။

## ကိုယ်ဝန်ပြဿနာပေါ်လာတယ်

ဒါနဲ့ အဲဒီမှာ ကိုယ်ဝန်ကလေးက လလေးရလာတဲ့ အခါကျတော့ ဒေဝဒတ်၏ ဘိက္ခုနီမတွေက ပြောတာပေ့ါ လေ၊ ဒို့အထဲက ဘိက္ခုနီမလေးတစ်ယောက်ဟာ ဒီလို၊ ဒီလို ဖြစ်နေတယ်။

ဒေဝဒတ်ကလည်း ဂုဏ်ယူချင်တဲ့အခါ သူကလည်း ဘုရားနဲ့ပြိုင်တုန်းကို၊ သူ့ဘိက္ခုနီမထဲက ဒီလိုဖြစ်ရပ့ါမလား 'ထွက်စေ' ဆိုပြီး သူကအမိန့်ထုတ်လိုက်တယ်။

ဒီအထဲမနေရဘူးဆိုတော့ ဘိက္ခုနီမလေးက ထွက်ရ ရှာတာပေ့ါဗျာ၊ သူတို့ပိုင်နက်ရောက်နေတော့ ထွက်ပြီး သကာလ၊ ဒီလိုလည်းမနေချင်ပါဘူး၊ ဂေါတမဘုရားဆီ ဘိက္ခုနီမအသင်းထဲပဲ နေချင်ပါတယ် ဆိုတော့ ကံဒါဖြင့် ကြိုက်ရာသွားဆိုတော့ အဲဒီသွားတယ်။

သွားပြီး အဲဒီကျတော့ လလေးဘာလေးကြာလာ တော့ လစေ့အခါကျတော့ ဘိက္ခုနီမအသင်းမသိသေးဘူး။

ဘုရားကျောင်းရောက်သွားရော ဘုရား၏ဘိက္ခုနီမ ကျောင်းရောက်သွားတယ်၊ ရောက်သွားတဲ့အခါ ဘုရား ကတော့သိတယ်။

ဒါ ဘိက္ခုနီမဖြစ်မှ ပဋိသန္ဓေရတာမဟုတ်ဘူး၊ သူ့ ဟိုခင်ပွန်းနှင့် တည်ထောင်တုန်းကဖြစ်တာ၊ ဘိက္ခုနီမအဖြစ်

သူအသန့်အရှင်းကြီး. . . (တင်ပါ့)၊ ဘုရားကတော့သိတယ်။

သို့သော် ဒေဝဒတ်တွေနဲ့ အပြိုင်အဆိုင်လုပ်နေရတော့ ဒေဝဒတ်တွေက ဂုဏ်ယူပြီးသကာလ၊ ဟိုကမသိပဲနဲ့ လက်ခံတာ၊ ဘာညာနဲ့ဆိုမှာ စိုးရသေးတာကိုး။

## ဝိသာခါကျောင်းအမကြီးက စစ်ဆေးတယ်

ဒါနဲ့ ဘုရားက ဝိသာခါတို့ မိန်းမတွေ ဘုရား၏ တပည့်သားမြေးတွေခေါ်ပြီး၊ ဒီဘိက္ခုနီမလေးဟာ သူ ခြေလက်အင်္ဂါပျက်ပုံနဲ့ ပဋိသန္ဓေရတာနဲ့တွက်ပြီးသကာလ ငါဘုရားလျှောက်ကြရမယ်ဆိုတော့ ဘုရားကတော့ သိပြီး သားပေါ့ကွာ။

ဒါနဲ့ ဝိသာခါတို့က အမျိုးမျိုးအဖုံဖုံ ကလေးမလေးရှိတဲ့မိန်းမအချင်းအရာဆိုတော့ အကုန်နားလည်တာပေါ့ဗျာ၊ စစ်လိုက်တဲ့အခါကျတော့ ဘယ် ဘိက္ခုနီမဖြစ်မှရတဲ့ ပဋိသန္ဓေမှမဟုတ်ဘဲပဲ၊ လူဝတ်ကြောင်တုန်းက ပါလာတာ။

အဲဒါနဲ့ပဲ ဘုရားသွားလျှောက်တော့ ကဲဒါဖြင့် သက်သေသာဓကေလုံလောက်ပြီဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ချီးမွမ်းပြီးသကာလ ဒီမှာပဲ ဘိက္ခုနီမ ကျောင်းပေါ်၌ နေစေဆိုပြီး အမိန့်ထုတ်လိုက်တယ်။

နောက်တော့များမကြာမီမှာ ကလေးလေး မွေးဖွားလာတယ်။

ကလေးလေး မွေးဖွားလာတော့၊ ကောသလမင်းကြီး ကလည်း ဘုရားကျောင်းတော်သွားတော့ ဘိက္ခုနီမကျောင်း နားက ဖြတ်ရတယ်၊ ဖြတ်သွားတဲ့အခါကျတော့ ဘိက္ခုနီမ ကျောင်းထဲက ကလေးငိုသံကြားတယ်၊ ဘာတုံးလို့မေးတဲ့အခါ ကျတော့ အရှင်မင်းကြီး အရင်ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ဝိသာခါတို့အရှင်မင်းကြီးတို့ စုံစမ်းစစ်ဆေးရတဲ့ ကလေးမလေးသားပါ။

## ကလေးကို ဘုရင်မင်းမြတ်က မွေးစားတယ်

အို. . . ဒါဖြင့်ကွာ၊ ဒီကလေးလေးကို နန်းတော်ထဲပို့ လိုက်ကွာ၊ ဒီဘိက္ခုနီမလေး ဆင်းရဲနေရော့မယ်ဆိုပြီးသကာ လ နန်းတော်ပို့လိုက်တော့ ကောသလမင်းကြီးက မွေးစားတာ ကုမာရဆိုတဲ့နာမည်လေးပေးတယ်။

ကုမာရဆိုတာ မြန်မာလိုပြန်တော့ သူငယ်လေး. . (မှန်ပါ့)၊ သူငယ်လေးဆိုတဲ့နာမည်ပေးထားတယ်။

နောက်ကျတော့ ဒီသူငယ်လေးကလည်း ရှစ်နှစ်ကိုး နှစ်အစရှိသည်ဖြစ်ပြီးသကာလ လာတော့ နန်းတော်ထဲမှာ သားအမှတ်နှင့် မွေးစားထားတော့ ရှင်ဘုရင့်သားတွေနဲ့ သူနဲ့ ဆိုတော့ ရှင်ဘုရင်ကလည်း သူလည်းသားကိုး။

သားတွေဖြစ်တော့ ဒိုးထိုးတမ်းကစားကြတယ်၊ ဒိုးထိုး

တမ်းကစားကြတော့ သူကချည်းနိုင်တယ်။

သူကချည်းနိုင်တော့ ဒီပြင်ကလေးတွေက ဒိုးတွေ ကုန်တော့ မပေးနိုင်ဘူး၊ မပေးနိုင်တော့ သူကတွန်းလှဲ လက်သီးနှင့်ဘာနဲ့ထိုးပေါ့ဗျာ၊ အင်း- အမေအဖေမရှိတဲ့သား က ဒို့ကိုနှိပ်စက်လေခြင်း၊ ကလေးတွေကပေါ့ဗျာ နာအောင် ဆိုကြတယ်။

အဖေအမေမရှိတဲ့သားလေးက ဒို့ကိုနှိပ်စက်တယ်၊ ဒို့ကို နှိပ်စက်တယ်ဆိုတော့ သူကကြားတယ်၊ ငါ့မှ အမေ အဖေမရှိဘူးလို့ပြောနေတယ်၊ ငါ့အဖေအမေမရှိဘူးလို့ပြော နေတယ်ဆိုတော့ တစ်ခါတည်း ကောသလမင်းကြီးဆီ သွား မေးတယ်။

မောင်ချစ်ဆွေ. . (ဘုရား)၊ ကောသလမင်းကြီးဆီ သွားမေးတယ် ဒကာဒကာမတို့ (မှန်လှပါဘုရား)။

## အမေမရှိ၊ အဖေမရှိတဲ့သား

ဒီကလေးတွေကဆိုနေကြတယ်၊ အမေမရှိ၊ အဖေ မရှိတဲ့သား၊ အမေမရှိတဲ့သားက ဒို့ကိုနှိပ်စက်တယ်ချည်း အော်အော်ပြီးသကာလ ကျုပ်ကိုဆဲနေကြတယ်၊ ဟ- သူတို့ က ကလေးဆိုတော့ ဘာသိတာမှတ်လို့ ငါမင်းအဖေလို့ ကောသလမင်းကြီးက ပြောတယ်။

မင်းအဖေပဲ၊ ဟောဒါတွေလည်း နို့ထိန်းတွေပြပြီး ဒါ မင်းအမေတွေ၊ ဒါနဲ့ နောက်နည်းနည်းလေး ငြိမ်သွားပြန်တာ ပေါ့ဗျာ။

နောက် ဒိုးထိုးတမ်းပြန်ကစားပြန်တော့ ဒီအသံပဲ ထွက်လာတယ်၊ သူမကျေနပ်ဘူး၊ သူ့ကိုယ်သူ သံသယရှိလာ တယ်။ သူ့ကိုယ်သူငါ့ကို ဖအေမရှိ၊ မမေမရှိတဲ့သားလို့ ဆိုလာပြန်ပြီ။

ဒါနဲ့ ကောသလမင်းကြီးကို အတင်းအဓမ္မမေးတော့ တာပဲ၊ မေးတော့ ဒီကလေးဟာ တယ်ပါးတဲ့ကလေးပဲ၊ ငါဟာ အဖေပဲ၊ နို့ထိန်းတွေဟာ အမေပဲဆိုတာ ယုံကိုမယုံဘူး၊ သုံး လေးခါထပ်မေးနေပြန်ပြီ။

## တယ်ဆိုးတဲ့ကံပါလား

ဒါဖြင့် ငါအမှန်ပြောလေမှပဲဆိုပြီး သင့်အမေက ဘိက္ခုနီမ၊ သင့်ကို ဘိက္ခုနီမက မွေးတော့ ဘိက္ခုနီမကျောင်း မှာ မတော်တာနဲ့ သင့်ကို ငါကမွေးစားထားတာ၊ ဒီလိုပြော လိုက်တော့ သူ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ရှိသေးတယ်၊ သံဝေဂ ရသွားတယ်၊ တယ်ဆိုးတဲ့ကံပါလား၊ ငယ်ငယ်ကတည်းက အဖေအမေနဲ့ခွဲခွာပြီးသကာလ နေရတာ ငါ့ဖြင့် ဆိုးတဲ့ကံပဲ။

ကဲ- ဒီလောက်ဆိုးတဲ့ကံကိုဖြင့် ကံကောင်းလုပ်မှ

တော်မယ်၊ ကံဆိုးကို ကံကောင်းလုပ်တော့မယ်၊ ဒကာဒကာမ တွေရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲတော့ ခင်ဗျားတို့လည်း အခုကံဆိုးကို ကံကောင်း လုပ်ကြ. . . (မှန်လှပါဘုရား)၊ ဘာပြုလို့တုံးဆိုတော့ ခင်ဗျား တို့ သားရေးသမီးရေး၊ စီးပွားရေးနဲ့ ပူရ၊ ပင်ရတဲ့ဘဝတွေဟာ ယခုဘဝတွင်ပဲ မနည်းလှပါဘူး၊ ကံမကောင်းလို့ပေါ့ဗျာ။

သားပူ၊ သမီးပူ၊ ဆွေမျိုးပူ၊ ခင်ပွန်းပူ၊ အပူတွေက မစုံသေးဘူးလား. . . (စုံပါပြီဘုရား)၊ ဘယ်အပူများ ကျန်သေးလဲ. . . (မကျန်ပါဘုရား)။

## ကံဆိုးတွေကို ကံကောင်းဖြစ်အောင်လုပ်ပါ

အဲဒါ ကံဆိုးတွေကို အခု သတိပဋ္ဌာန်အလုပ်လုပ် လိုက်လို့ ခုနက လိပ်ခွံအောက်ပြန်သွင်းသလို သွင်းလိုက်ရင် ခင်ဗျားတို့ ဒေါ်ကံကောင်းတို့၊ မကံကောင်းတို့ဖြစ်မယ်၊ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါ ကံကောင်းလုပ်ဖို့ ဥစ္စာများ ခင်ဗျားတို့က ဖြေးဖြေးဖြင့်မှလုပ်ချင်သေးလား. . . (မလုပ်ချင်ပါဘုရား)၊ မြန်မြန်သွက်သွက်လုပ်ပါ၊ မတူ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘယ်လိုလုပ်ရမလဲ. . . (မြန်မြန်သွက်သွက်လုပ်ပါ)။

ကံမကောင်းတဲ့ဥစ္စာကို ကံကောင်းချင်တဲ့အခါကျ

တော့ ခုတ်ဆရာသွားမေးတဲ့အခါ အုန်းသီးတစ်လုံး တစ်ဆယ်ဆိုလည်း ဝယ်မှာပဲ၊ အရေးကြီးလာပြီကိုး၊ အဲဒီလို ဟိုဟာက ပျောက်တာ မပျောက်တာ၊ မပျောက်တာရှိတယ်၊ ဒီဟာက တကယ်ကံကောင်းဖြစ်ရမယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒါကြောင့် ကလေးလေးဟာ ကံဆိုးက ကံကောင်း လုပ်မှုပဲဆိုပြီးသကာလ သူ့ဖခမည်းတော် ကောသလမင်းကြီး ပြောလိုက်တော့ ကျွန်တော် သက်နှ်းဝတ်ချင်တယ်။

အမယ်- သဘောကျလိုက်တာကွာ၊ သက်နှ်းဝတ်ချင် တယ်ဆိုတော့ ငါလဲ ချီးမြှင့်ရတာပေါ့၊ သူက အဆောင် အယောင်တွေနဲ့ နန်းတော်ကနေပြီး ရှင်လောင်းကြီး အကြီး အကျယ်ယူပြီးသကာလ သွားပြီးရှင်ပြုတာပေါ့။

ရှင်ပြုပြီး ကံဆိုးတယ်ဆိုပြီး သာသနာ့ဘောင်ဝင် တော့ ကံကောင်းဖြစ်အောင်ပဲ ကြိုးစားသထက် ကြိုးစားပြီး လုပ်ပါတော့မယ်ဆိုပြီး စာတွေသင်တယ်။ တရားတွေ ဟောတတ်ပြောတတ်ဖြစ်လာတယ် (မှန်ပါ့)။

## ကုမာရကဿပရဟာန်း

သူ ရဟာန်းဖြစ်တော့ ကဿပလို့ နာမည်ပေးတယ်၊ လူနာမည်က ကုမာရ၊ အဲဒီလို ကုမာရနဲ့ကဿပပေါင်းပြီး

ကုမာရကဿပဖြစ်လာတယ်၊ အဲဒီ ကုမာရကဿပဖြစ်ပြီး ကျော်ကြားလာတယ်။

ဟိုက ပသေနဒီကောသလမင်းကြီးက ကလေးလေး မွေးစရှိသေးတယ်၊ နန်းတော်သိမ်းသွားတော့ ရှင်ဘုရင်မို့သာ ကိုးဗျ၊ အမေဆိုတာ ဘယ်ပေးချင်လိမ့်မလဲ၊ အဲဒီနေ့ကစပြီး မျက်ရည်ကျနေလိုက်တာ စားလို့လည်းမဝင်ဘူး၊ အိပ်လို့ လည်း မပျော်ဘူး၊ မျက်ရည်မကျတဲ့နေ့ တစ်ခါမှမရှိဘူးတဲ့၊ သူ့သားကိုလွမ်းတာ။

သူ့သားကဖြင့် အခု ရဟန်းဖြစ်လို့ တော်တော့ကို ရဟန်းကိစ္စပြီးလို့၊ တော်တော်ကျော်ကြားနေပြီ၊ ကုမာရ ကဿပဟာ တရားဟောတာမှာ ပထမတန်းပဲ၊ အားလုံး သောပုဂ္ဂိုလ်တွေ ယဉ်ကျေးအောင် နိဗ္ဗာန်ရောက်ကြောင်းကို ဖြင့် ဟောနိုင်တဲ့ပုဂ္ဂိုလ်ပဲဆိုတာ မောင်ချစ်ဆွေ အတော်ကျော် ကြားတယ်. . . (မှန်လှပါဘုရား)။

## ကုမာရကဿပမယ်တော်

ကျော်ကြားလာပေမယ့် သူ့အမေဆီမသွားဘူး၊ မသွားတော့ သူ့အမေက ဆယ့်သုံးနှစ်လောက်ရှိနေပြီတဲ့ မျက်ရည်က ဆည်လို့မရဘူး၊ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်၊ အနှစ် နှစ်ဆယ်ရလာပြီ၊ မျက်ရည်ဆည်လို့ ဘယ်တော့မှ

မရဘူး၊ တရားအားထုတ်လို့လည်း ဘယ်တော့မှမရဘူး။

ဘာပြုလို့တုံးဆိုတော့ သားအားကိုးနေတာကိုး၊ ဒီသားလေး လူလားမြောက်လာပြီ၊ ဒီသားလေးနဲ့ နေရာကျမှာပါပဲ။

သားကလေးကလည်း ငါ့ကိုပြန်မငဲ့သေးဘူး၊ တစ်နေ့နေ့ငဲ့ကောင်းပါရဲ့လေ၊ သူ့ပဲ အားကိုးရမှာပဲ၊ သူများချည်းအားကိုးနေတယ်၊ ကိုယ့်ကိုယ်ကိုယ်အားမကိုးဘူး၊ ဒီဘိက္ခုနီမက မျက်ရည်သာကျနေတာပဲ။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ တစ်နေ့သ၌ကျတော့ ကုမာရကဿပရဟန်းက ဆွမ်းခံရာမှာ ရှေးအခါက ဘိက္ခုနီမတွေ ဆွမ်းခံစားတယ်၊ ဒီကုမာရကဿပရဟန္တာကလည်း ဆွမ်းခံစားတယ်။

## သားကိုမြင်တော့ အတင်းလိုက်တယ်

ဆွမ်းခံစားတော့ သူ့သားကိုမြင်တာကိုး၊ တစ်ခါတည်းဘိက္ခုနီမက သူ့သပိတ်ပွေ့ပြီး အတင်းလိုက်တယ်၊ သူ့သားကိုသက်န်းဆွဲမလို့ (မှန်ပ့ါ)။

သက်န်းဆွဲမလို့တစ်ခါတည်းလိုက်တော့ ယောက်ျားခြေနှင့် မိန်းမခြေ ဘယ်တူမလဲ ယောက်ျားခြေကသွက်တယ်၊ မိန်းမခြေကနှေးတယ်၊ နှေးသော်လည်းချစ်တဲ့ဇောနဲ့အတင်းလိုက်တော့ မှိုလုမှိုခင်ဖြစ်တယ်။

မှိုလုမှိုခင်ဖြစ်တော့ သားလုပ်တဲ့ပုဂ္ဂိုလ်က ဒကာမကြီးလို့ ခေါ်လိုက်လို့ရှိရင် ဩော်ငါ့ကို ခင်သေးတယ်၊ ချစ်ရှာတယ်တွေ့တော့လည်း ခေါ်ရှာသားပဲဆိုလို့ရှိရင်ဖြင့် သူဟာဒီခင်လုံးစိတ်မဖြတ်နိုင်တာနဲ့ ငါ့အားကိုးနေတာနဲ့ တရားရမှာမဟုတ်ဘူး (တင်ပဲ့ါဘုရား)။

## အားကိုးမှာစိုးလို့

အသံကို မပေးဘူးဆိုပြီးသကာလ ဟိုကသက်န်းလိုက်ဆွဲမည်လုပ်လေလေ၊ ကိုယ်တော်က ခတ်သွက်သွက်သွားလေလေ၊ အားကိုးမှာစိုးလို့။

သူ့ကိုယ်သူအားကိုးမှ မဂ်ဖိုလ်ရမှာကိုး၊ အခုသူတစ်ပါးအားကိုးနေတယ်၊ သူ့သားကိုပဲမျှော်ကိုးနေတယ်။

အဲဒါနဲ့ သူ့စိတ်ထဲမှာ ဒါကိုလည်းမြင်ပြီးသား၊ မြင်ပြီးသားဖြစ်တော့ ခုနက ဘိက္ခုနီမက အရှုးမိုက်၊ မိုက်တုန်းပေါ့ဗျာ၊ အရှုးမိုက် မိုက်တုံးပဲ တစ်ခါတည်း သပိတ်ကြီးပွေ့ပြီးသူ့သားသက်န်းစလိုက်ဆွဲ။

## ခေါ်လည်းမခေါ် ပြောလည်းမပြော

ဟိုကလည်း အတင်းလျှောက်နေတယ်၊ ခေါ်လည်းမခေါ်ဘူး ပြောလည်းမပြောဘူး လှည့်လည်းမကြည့်တော့ဘူး။

လှည့်ကြည့်နေရင် ငဲ့တယ်ထင်ဦးမှာ၊ ငဲ့ကိုငဲ့တယ် ထင်နေရင် သူတရားရမှာမဟုတ်ဘူး၊ တရားအားထုတ်ရင် သူဟာသူအားကိုးမှ တရားရမှာဆိုပြီးသကာလ ကိုယ်တော် က ကုမာရကဿပကဖြင့် မောင်ချစ်ဆွေ နောက်ကိုလှည့် မကြည့်ဘူး၊ အတင်းသာသွားနေတာပဲ။

အတင်းသွားနေတော့ ဒီကအတင်းလိုက်၊ အတင်း လိုက်တာနဲ့ မှီလုမှီခင် သက်နီးဆွဲမလို့တအားဆွဲလိုက်တော့ မှောက်လျက်ကြီးလဲတယ်။

ဘယ်လောက်များဆိုးသလဲ. . . (ဆိုးပါတယ် ဘုရား)၊ ခင်လုံးခင်လုံး၊ ဘယ်လောက်ဆိုးသလဲဆိုတာ မှောက် လျက်လဲအောင်ပဲခင်ရတယ်၊ ဘယ်လောက်များဆိုးတယ် ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့ ဒကာမတွေကသာ မိုက်တယ်၊ မဆိုးဝါးဘူးလားဗျာ (ဆိုးဝါးပါတယ်)။

## တန်းတူပြစ်ချင်ရင် ဒီဘဝမက်ရအောင်လုပ်

ဒကာမတွေကသာ မိုက်တယ်တဲ့၊ ခင်မိပြီဆိုလို့ရှိရင် မျက်စိအောက်က မပျောက်နိုင်၊ တစ်နေ့ပဲဒီသားလေး၊ သမီး လေးတွေနဲ့ ခွဲရပြီဆိုရင် လပေါင်းများစွာချင့်ပြီးများ ခင်လိုက် သေးတယ်၊ မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်)။

အေး-ဒါကြောင့် ခင်ဗျားတို့ မိန်းမတွေဟာ မြန်မြန်သာအလုပ်၊ လုပ်ယူလိုက်ပါ၊ နို့မို့ရင် ဒီဆိုးဝါးဆက်ကြီးဟာ ဘယ်တော့သိမ်းမှာတုံး . . . (မသိမ်းပါဘုရား)။

ဆိုးဝါးဆက်ရှိလေလေ၊ အပါယ်နဲ့နီးလေလေ၊ ရောက်လေလေ၊ ကျလေလေ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

အေး-ဒါ့ကြောင့် မိန်းမများမှာတဲ့ ဆိုးဝါးတဲ့ စိတ်ဒုက္ခရှိသောကြောင့် စကြဝတေးမင်းမဖြစ်ရဘူး၊ မိန်းမအဖြစ်နဲ့ဆိုရင် စကြဝတေးမင်းမဖြစ်နိုင်ဘူး၊ ဗြဟ္မာမင်းလည်း မဖြစ်နိုင်ဘူး၊ဘုရားလည်းမဖြစ်နိုင်ဘူး။

ကဲ-ဒါနဲ့ ချိန်လိုက်ရင် မိန်းမဆိုးတယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)၊ ဖြစ်ကိုမဖြစ်နိုင်ဘူးတဲ့၊ အဲဒါကြောင့် ကိုယ့်ဘဝကိုလည်း ကိုယ်မသာယာကြဘဲနဲ့၊ ကိုင်း-ဘယ်လောက်ယုတ်မာတယ်၊ ဆိုးဝါးတယ်ဆိုတဲ့ ဘဝ၊ သူများနဲ့ တန်းတူဘယ်ဟာမှ မဖြစ်နိုင်တဲ့ဘဝကိုဖြင့် ကဲ-ဒီဘဝဇာတ်သိမ်းလိုက်ပါတော့မယ်ဆိုတော့ နိဗ္ဗာန်ကျတော့လည်း တစ်တန်းတည်းသွားဖြစ်တယ်။

ယောကျ်ားနိဗ္ဗာန်၊ မိန်းမနိဗ္ဗာန်လို့မရှိတော့ဘူး၊ အဲဒီကျတော့ အတူတူပဲ၊ ငြိမ်းချမ်း၊ ချမ်းသာ ဒါချည်းဖြစ်နေတယ်။

အဲဒါဖြင့် တန်းတူချင်လို့ရှိရင်ဖြင့် ဒီဘဝမှာ ခင်ဗျားတို့ တန်းမတူနိုင်တော့ဘူး၊ တန်းတူဖြစ်ချင် ဒီဘဝမဂ်ဖိုလ်ရအောင် လုပ်လိုက်ရင် ဘယ်သူနဲ့မဆို တန်းတူမယ်၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## အခုဘဝနစ်နာနေတယ်

အခုတော့ ခင်ဗျားတို့မှာ အရှုံးကြီးရှုံးပြီးသကာလ အင်မတန် မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား) ဆူစရာရှိလည်း ခင်ဗျားတို့၊ မျက်နှာကောင်းမရစရာရှိလည်း ခင်ဗျားတို့၊ တစ်နေ့ တစ်နေ့လည်း ပင်ပန်းလိုက်တာကော (တပည့်တော်တို့ပါဘုရား)။

ငွေရလမ်းက ခင်ဗျားတို့မလုပ်နိုင်တဲ့အတွက် အော်တာ၊ အင်တာ၊ ငေါက်တာခံရတာကော (တပည့်တော်တို့ပါဘုရား) သိမ်လိုက်တဲ့ဂုဏ်ဗျာ၊ မပြောပါနဲ့တော့ (မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ခုနက ဘိက္ခုနီမက ဟပ်ထိုးကြီးလဲတယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

သူကပဲခင်တာကိုးဗျ၊ တယ်လည်းအားကိုးတာကိုး၊ အဲဒီအားကိုးတဲ့အတွက်တဲ့ သူ့စိတ်ထဲမှာ ဟပ်ထိုးကြီးလဲတယ်။

ဟပ်ထိုးကြီးလဲတဲ့အခါကျတော့ သူ့စိတ်ထဲမှာ ဩော်-ငါ့သားမှာ နည်းနည်းမှ အမေ့စိတ်မရှိဘဲပဲ (မှန်လှပါ) ငါ့ဖြင့် အခုနှစ်ပေါင်းနှစ်ဆယ် အစိတ် မျက်ရည်နဲ့ မျက်ခွက် ဘယ်တရားမှလည်းအားမထုတ်နိုင်ခဲ့ဘူး။

## ဒီနေ့ကစပြီး မင်းကို အားမကိုးတော့ဘူး

သူ့စိတ်နဲ့ပဲ အချိန်ကုန်နေရတာပဲ၊ အခုတွေ့ပြန်တော့ စိမ်းကားလိုက်တာ၊ ဒီနေ့က စပြီးတော့ မင်းကိုဖြင့် အားမကိုး တော့ပါဘူးလို့ဆုံးဖြတ်ချက်ချတယ်။ ဆုံးဖြတ်ချက်ချလိုက် တယ်။

အဲဒီဆုံးဖြတ်ချက်ချပြီး ဘိက္ခုနီမကျောင်းပြန်တော့ တာပဲ၊ ရှက်လည်းရှက်သွားတာပေါ့ဗျာ၊ ဟပ်ထိုးလည်းလဲခဲ့ ပေါ့၊ ရှက်ပြီ။

ရှက်တာနဲ့ဘိက္ခုနီမကျောင်းရောက်တော့ မောင်ချစ်ဆွေ တိုင်မှီပြီး ဒီနေ့တော့ဖြင့်တရားမရမထဘူးကွာ၊ ကိုယ့်ဟာ ကိုယ် အားကိုးမယ် ဆိုတော့မှ ခုနက ဝေဒနာတွေ ဒကာ ဒကာမတွေ လှည့်ပြီးဉာဏ်အောက်သွင်းတော့တာပဲ။

အဲဒီ သူများ အားမကိုးတဲ့ညမှာ ရဟန္တာမဖြစ်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ကိုယ့်ဉာဏ်ကိုအားကိုးလို့ရဟန္တာမ ဖြစ်တယ်

ကိုယ့်ဟာကိုယ်လည်း အားကိုးလိုက်ပါရော ရဟန္တာဖြစ်တာပဲ၊ အဲဒါကြောင့် ဒကာ ဒကာမတွေ ဒီဝတ္ထုပြောချင်တာက တခြားမဟုတ်ပါဘူး၊ မိန်းမဆိုတာ အားငယ်တတ်တဲ့ ပုဂ္ဂိုလ် အချိုးအစားလည်းဖြစ်တယ်၊ မျက်စိသူငယ်နဲ့ ကြောက်တတ်၊ လန့်တတ်တဲ့အမျိုးအစားလည်းဖြစ်တယ်ဆိုတော့ သူတပါးပဲအားကိုးနေတာပဲ။

အဲ-သူတစ်ပါးအားကိုးနေတဲ့အတွက် ဟိုဘိက္ခုနီမမှာ နှစ်ပေါင်းနှစ်ဆယ်အစိတ် သားကိုခင်ပြီး သားအားကိုးတဲ့အတွက် သူလိုရင်းဆိုက်ကဲ့လား (မဆိုက်ပါဘူး)။

ကိုင်း-ဒီလောက်တောင်စိမ်းကားတာဖြင့် သူ့ကိုဖြင့် ယနေ့ကစပြီး ဖြတ်ပါတော့မယ်၊ ကိုယ့်အားကိုယ်ကိုးပါတော့မယ် ဆိုပြီးသကာလ အားထုတ်တဲ့ညကျတော့ ရဟန္တာမ ဖြစ်တယ်. . . (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတွေလည်းတဲ့ ဘယ်သူ့မှ အားမကိုးပါနဲ့ ကိုယ့်ဉာဏ်ကိုသာ ကိုယ်အားကိုးပြီးသကာလ လုပ်ကြလို့ရှိရင်ဖြင့် ခင်ဗျားတို့ နေရာကျမှာပဲ။

ကိုယ့်ကိုယ်ကိုယ် အားကိုးရာနေဘ် (မှန်လှပါဘုရား) ကိုယ့်ကိုယ်ကိုယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ တကယ် အခုရှိတဲ့ ခန္ဓာကိုယ်ကြီးကို မဆိုလိုက်ပါနဲ့ (မှန်ပါ)။

ဘုန်းကြီးပေးထားတဲ့မဂ်ဉာဏ်ကလေး ရှုတတ်တဲ့ ဉာဏ်ကလေးကို အားကိုးပါ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## ကိုယ့်ကိုယ်ကိုယ်ဆိုတာဘာပါလိမ့်

ကိုယ့်ကိုယ်ကိုယ်ဆိုတာ ဘာပါလိမ့် (ရှုတတ်တဲ့ဉာဏ် ပါဘုရား) အဲဒီဉာဏ်ကို ကိုယ့်ကိုယ် ဆိုတယ်။

နားမလည်တဲ့ ဒကာတွေက နားမလည်တဲ့ ဆရာ တွေက ပြောလို့ရှိရင် ကိုယ့်ကိုယ်ကိုယ်အားကိုးကြဆိုတာ ခင်ဗျားတို့ လွဲလိမ့်မယ်နော်။

ဒီပုဂ္ဂိုလ်ကြီးက အနိစ္စကြီး ဘယ်သူ့သွားအားကိုးလို့ ဘာအသုံးကျမှာတုံး၊ သဘောကျပလား (ကျပါပြီ)။

ပုဂ္ဂိုလ်ဆိုတာ ဒီရုပ်နာမ်ကြီး အားကိုးလို့ဆိုတာလား (မဟုတ်ပါဘူး) ခင်ဗျားတို့ရှုတဲ့ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကို အားကိုး (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ)။

အဲတော့ ခင်ဗျားတို့က လောကမှာလည်း ခင်ဗျားတို့ ပြောသံကြားနဲ့ဖြစ်နေတာတွေကောလွဲတယ်နော်၊ ကျုပ်တို့ တော့ ဘယ်သူ့မှ အားမကိုးဘူး၊ ကိုယ့်ကိုယ်ကိုယ် အားကိုး တာပဲဆိုတော့ ဒီပုဂ္ဂိုလ်ကြီးယူလိုက်တယ်၊ လွဲတယ်နော်၊ လွဲတယ်၊ လွဲတယ် ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား) ရိပ်မိပ လား (ရိပ်မိပါပြီ)။

ကိုယ့်ကိုယ်ကိုယ် အားကိုးလို့ ဘုရားဟောတော်မူ တာက အတ္တာဟိ အတ္တနော၊ မိမိအားကိုးသော မဂ်ဉာဏ် သည်ပင်လျှင် အတ္တနော - မိမိ၏ နာထော- ကိုးကွယ်ရာ တည်း။

## မိမိအားထုတ်တဲ့ဉာဏ်ကိုအားကိုးရမယ်

မိမိအားထုတ်တဲ့ဉာဏ်သည် မိမိအားကိုးရမယ်၊ အတ္တနာဟိ သုဘန္တေဏ၊ အတ္တနာဟိ-မိမိကိုယ်သည်၊ သုဘန္တေဏ - မဂ္ဂင်ရှစ်ပါးဖြစ်ပေါ်လာသဖြင့်၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ်ကြီးတရား၊ လှေရထားကြီး၊ ဖောင် ရထားကြီး ဖြစ်ပေါ်လာသဖြင့် ဒုလ္လဘံ-ရခဲသော အရဟတ္တ ဖိုလ်ကို လဘန္တိ- ရနိုင်တယ်။

ဒီမဂ်ဉာဏ်အားကိုးမှရနိုင်တယ်၊ ဒီဝိပဿနာဉာဏ် အားကိုးရင်ရမယ်။

ကိုင်း-ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကိုယ် အားကိုး ဆိုတာ ဘာတုံးသိပြီလား. . . (သိပါပြီ) ဘာတုံး (ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်အားကိုးရပါမယ်) အေး ဝိပဿနာဉာဏ် မဂ်ဉာဏ်ပေါ့ဗျာ။

## ကုမာရ ကဿပ မယ်တော်ကိုကြည့်ပါ

ကိုင်း-ခုနက ဒကာမကြီး ကုမာရကဿပမယ်တော် ကြည့်လိုက် (မှန်ပါ့) ကုမာရကဿပမယ်တော်ကြည့်လိုက်၊ မင်းဖြင့်အားမကိုးတော့ပါဘူးဟေ့၊ ကိုယ့်ဟာကိုတရားပဲ အားကိုးပါတော့မယ်ဆိုပြီး အားကိုးလိုက်တဲ့တစ်နေ့ကျတော့ ဘာဖြစ်သလဲ . . . (နိဗ္ဗာန်ရပါတယ်ဘုရား)။

အဲ- ဒကာ ဒကာမတို့ သားလင်ခင်ပွန်းတွေ အားကိုးပြီး သကာလ မနေပါနဲ့ (မှန်လှပါဘုရား)။

သားလင် ခင်ပွန်းက မင်းနေမကောင်းဘူးလား၊ နေမကောင်း ဒီဆေးသောက် ဒါပဲပြောတတ်တယ်၊ ပျောက်မယ်၊ မပျောက်မယ်က သူတာဝန်မယူနိုင်ဘူး၊ တကယ်လို့ ဝေဒနာရလို့၊ သေလောက်တဲ့ဝေဒနာရလို့ရှိရင်လည်း ကျုပ်ကယ်ပါဦးဆိုလို့ ဘယ်သူတတ်နိုင်မလဲ . . . (မှန်လှပါ)။

မတတ်နိုင်တော့ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သေပဲ၊ ဘာများအားကိုးရာရသလဲ . . . (မရပါဘုရား)။

အဲတော့ ခင်ဗျားတို့နေကြ ထိုင်ကြတာ အပြောနဲ့ လွှမ်းနေတာနဲ့ တယ်တူတယ်၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်) အပြောနဲ့ လွှမ်းနေတာနဲ့ တယ်တူတယ်။

# ယောက်ျားပြောတာရမ်းယုံတယ်

မင်း- ငါဒီမှာရှိနေတယ်၊ ဘာပူစရာရှိသတုံး၊ ဟိုက ယောက်ျားက အဟုတ်ပြောလိုက်တယ်၊ ပြောလိုက်တော့ ခင်ဗျားတို့က ရမ်းယုံတယ်။

အပြီးသတ်တော့ ခင်ဗျားတို့ဖြစ်တဲ့အနာ၊ ချောင်းဆိုးတာလေးတောင် ပျောက်အောင်မလုပ်နိုင်ဘူး၊ ကုနိုင်ရဲ့လား (မကုနိုင်ပါဘုရား)။ သွေးနာ၊ လေနာတွေကျတော့ကော (မကုနိုင်ပါဘုရား) ရင်နာတွေကျတော့ကော (မကုနိုင်ပါဘုရား) နောက်ကြောတတ်တာကျတော့ကော (မကုနိုင်ပါ)။

တစ်ခါ အိုလာတာကြီးကျတော့ (မကုနိုင်ပါဘူး) ဒါဖြင့် ဘယ်ဟာကော သူတို့ပြောတာယုံနေတာများ၊ ခင်ဗျားတို့ ရှုးလို့ဖြစ်မယ် (မှန်ပါ့ဘုရား)။

ရိပ်မိပလား (ရိပ်မိပါပြီ) ရှုးလို့ယုံတယ်ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ကျုပ်ကယုံတတ်တယ်လို့ လုပ်မနေနဲ့ဦး၊ ခင်ဗျားတို့က အတော်ဆိုးတာ၊ ရှုးလို့ယုံတယ်ဆိုတာ ရိပ်မိကြပြီလား (ရိပ်မိပါပြီ) ကျုပ်ကယုံတတ်တယ်လို့ မလုပ်ပါနဲ့တဲ့၊ ယုံလို့ပဲပုံအပ်လိုက်တာပဲ။ အမလေး ဒကာ ဒကာမတို့ အ,လိုက်တဲ့ဖြစ်ခြင်း ရိပ်မိပလား၊ (ရိပ်မိပါပြီ)။ အလကားပြောနေကြတာ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ အမေကသမီး ကိုမကယ်နိုင်ပါဘူး၊ သမီးကလည်းအမေကိုမကယ်နိုင်ပါဘူး၊ ခင်ပွန်းမက၊ ခင်ပွန်းယောကျ်ားကို (မကယ်နိုင်ပါ)။

ဘယ်ကယ်နိုင်ကြမလဲ အနတ္တတွေလေ (မှန်ပါ့ ဘုရား) သူလည်း အနတ္တ၊ ကိုယ်ကော (အနတ္တပါဘုရား) ဒါဖြင့် ဘယ်သူက ဘယ်သူ့ကယ်နိုင်တယ်လို့ ဘုရားကိုယ်တော်တိုင်က ဟောသလား (မဟောပါဘုရား)။

ဩော် . . . ခင်ဗျားတို့ လက်လွတ်ဆိုတာ ယုံတာပေါ့ ရိပ်မိပလား (ရိပ်မိပါပြီ) လက်လွတ်ဆိုတာ ယုံနေတာကဲဒါဖြင့် မတူတို့လက်လွတ်ဆိုတာလေးကို နားထဲကမထွက်သေးဘူးလုပ်နေသေးလား (မလုပ်ပါဘုရား)။

မလုပ်တော့ပါဘူးဆိုတော့ အခါတော့နည်းနည်းပါး လာပြီ မရှိကော ပါးပြီလား (ပါးပါပြီ) အင်း ဒကာကြီး ကြားနေပါဦးမယ်။

ကဲ ယုံပြီလား၊ ဘယ်သူ့အားကိုးသေးသလဲ (ကိုယ့်ဟာကိုယ် အားကိုးပါတယ်) ကိုယ်အားထုတ်တဲ့ဝိပဿနာ ဉာဏ်နော်။

## ဝိပဿနာဉာဏ်ကိုသာ အားကိုးကြ

ဒီဒကာဒကာမတွေ ဒီနေ့အားကိုးသေးသလား (မကိုး

ပါဘူးဘုရား) မကိုးပါဘူးတဲ့ ကိုယ့်ဟာကို အားကိုးပေါ့ကွာ ရိပ်မိပလား (ရိပ်မိပါပြီ)။

ကိုယ့်ဟာကိုယ်အားကိုး ကိုယ်လုပ်မှ ကိုယ်ရမယ် ဆိုတာ ဒါကိုဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ခုနက ကုမာရကဿပ မယ်တော် ဒကာသစ်ရေ သူ့သား အားကိုးနေတုန်းက ဘာများ ဝိပဿနာဉာဏ်ရ သလဲ (မရပါဘုရား) မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရဲ့လား (မရပါ)။

အိုဘေး နာဘေးတားတတ်တဲ့ မဂ်ဉာဏ်သူ့မှာ ပေါ်လာရဲ့လား (ပေါ်မလာပါဘုရား) ဘာကြောင့်တုံးကွာ (ခင်လုံးတွေနဲ့ အားကိုးနေတယ်) အေး သူ့သားလေး ခင်ပြီး အားကိုးနေတယ်။

ငါ့သားလေး လူလားမြောက်လာပြီ၊ ငါ့သားလေး နာမည်ကြီးလာပြီ ဆိုပြီး အဲဒီအားကိုးနေတယ်၊ အဲဒီအားကိုး နေတဲ့အတွက် နှစ်ပေါင်း အစိတ်သုံးဆယ် သူ့မှာ မျက်ရည် သာ ကျပြီး တရားမရဘူး၊ ရှုံးမသွားတာ ကံကောင်းပေါ့ဗျာ။

ခင်ဗျားတို့လည်း ရှုံးသွားချေရဲ့ ရိပ်မိပလား (ရိပ်မိပါပြီ) အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်သူ့ အားကိုးကြမှာတုံး၊ (မိမိတို့အားထုတ်တဲ့ ဝိပဿနာဉာဏ်ကိုပါ ဘုရား) အေး မိမိအားထုတ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ကိုသာ အားကိုးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ခင်ဗျားတို့

အသေဟာလည်း မလာတော့ဘူး၊ ခင်ဗျားတို့အနာဂတ်ကော (မလာတော့ပါ)။

ခင်ဗျားတို့ ပဋိသန္ဓေနေမှု ဆင်းရဲကြီးကော (မလာတော့ပါ) အင်း သူမှသာလျှင် အိုမှု နာမှု သေမှုကို တားနိုင်တာ။

ခင်ဗျားတို့ သားလင်ခင်ပွန်းတွေက ခင်သာခင်ရတယ် မင်သာမင်ရတယ် ဘာမှမဟုတ်ဘူး (မှန်လှပါဘုရား)။

သားတွေဖြင့် မွေးလိုက်ရတာ၊ သမီးလေးတွေများ မွေးလိုက်ရတာ လေးနှစ်ကစပြီး မွေးခဲ့ရတယ် နင်ဆိုးပုံနဲ့ နင့်လားဇိကုတ်သတ်ချင်သေးတယ် လာသေးတာခင်ဗျားတို့ အလုပ်က ရိပ်မိပလား (ရိပ်မိပါပြီ)။

အခုအားမကိုးရတော့ပဲကိုး မရှိ စောင်းပြောနေတယ် အောက်မေ့မနေနဲ့ဦး ရိပ်မိပလား (ရိပ်မိပါပြီ)။

အဲဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ကိုယ်ကို အားကိုးဆိုတာ ပေါ်လာကြပြီ (ပေါ်ပါပြီဘုရား) ခုနက ဘိက္ခုနီမကြီး ဘယ်သူ့အားကိုးသလဲ . . . (ကိုယ့်ကိုယ်ကို အားကိုးပါတယ်) အားကိုးတဲ့ ညမှာမဂ်ဉာဏ်ဆိုက်တယ်။

သူများအားကိုးလို့ နှစ်ပေါင်းများစွာကြာခဲ့တုံးက မျက်ရည်ကျခဲ့ရတယ် ကိုယ့်ကိုယ်ကိုပဲ အားကိုးပါရော

(မဂ်ဉာဏ်ဆိုက်ပါတယ်) အဲဒါဘယ်နှယ်လုပ်ကြမလဲ (တပည့်တော်တို့လဲ ဒီလိုပဲ မဂ်ဉာဏ်ရအောင် လုပ်မှာပါ) အို ခင်ဗျားက တစ်ကောင်ကြွက်ကြီး ပြောမနေစမ်းပါနဲ့ (ရယ်ကြသည်)။

## ဖြစ်ပျက်သိတဲ့ဉာဏ် အားကိုးပါ

အေး- ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုး ဆိုတာသည် ဒကာဒကာမတို့ ယနေ့ညတရားမှာဖြင့် ဘာတုံးလို့ဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်ကိုသိတဲ့ ဉာဏ်ကိုသာ အားကိုးပါ။ သဘောကျပလား (ကျပါပြီ)။

အဲဒါဖြင့် ဝေဒနာသုံးမျိုးဟာ ပေါ်ချင်ရာပေါ် ဒကာဒကာမတွေ ဉာဏ်အောက်ရောက်အောင် သွင်းလိုက်လို့ရှိရင်ဖြင့် ဒီဉာဏ်သည် ဒကာ ဒကာမတို့အား အိုမှုနာမှုသေမှုကို တကယ်တမ်းတားပြီး ချမ်းသာမှုကိုသာ ရွက်ဆောင်ပေးတော့တယ် ဒါဖြင့် ဒီဉာဏ် အားကိုးရမယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် လုပ်တတ်ကြပလား (လုပ်တတ်ပါပြီ) ဘယ ဝေဒနာလာလာ ဒကာဒကာမတွေက ဘာလုပ်ရမလ (ဖြစ်ပျက်ရှုရပါ့မယ်) ဖြစ်ပျက်ရှုပြီး ဉာဏ်အောက်ရောက်အောင်လုပ်။ ဖြစ်ပျက်ရှုလိုက်ရင် ဉာဏ်အောက်ရောက်တာပဲ။

အဲတော့ ဖြစ်ပျက်မရှုမိမှာဖြင့် ဘုန်းကြီးက သိပ်စိုးရိမ်တယ် သဘောကျပလား (ကျပါပြီ) ကိုင်း- ဖြစ်ပျက်ရှုဖို့ အရေးသည်ကားလို့ဆိုရင် ခင်ဗျားတို့ ကိုယ့်ကိုယ်ကို အားကိုးတဲ့အရေးပဲ၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့်ဗျာ၊ ခင်ဗျားတို့ လောကီတွေဖြင့် ဘယ်သူက ဘာပြောပြော မယုံကြနဲ့၊ သားတွေကလည်း လိမ်လိမ်မာမာနဲ့ ကန္တဲ့ကယနဲ့ အမေကျွန်တော်ကြီးလာရင် ဘာမှမပူးနဲ့ဗျာ၊ အခုတော့ ပညာတတ်အောင် ဝယ်ဦးဗျာ ဆင်ဦးဗျာ ဒါချော့လုံးဗျ။

မြင်ကြပလား တော်တော်ကြာကျတော့ သူ့ဟာသူ သွားမှာပဲ ဒါခင်ဗျားတို့က သူများသားသမီးတွေ ဒီလို သွားနေတာပဲ ငါ့သားတော့ ဟုတ်မယ်မထင်ပါဘူးဆိုတော့ ခက်တယ်။ ခက်ဘူးလား (ခက်ပါတယ်)။

ကဲ- ဒကာဒကာမတို့ ဒီသားတွေ သမီးတွေပြောတာကော ယုံစရာရှိရဲ့လား (မရှိပါဘူး) မိမိအတွက် အားကိုး အလုံးကြီးထားတဲ့ ခင်ပွန်းသည်တွေ ပြောတာကော (မယုံပါဘူးဘုရား)။

## အမှန်တရားဆိုတာ မဂ္ဂသစ္စာ

အေးတော်တော်ကြာကျလို့ရှိရင် ဒကာဒကာမတို့

ပြောတဲ့ပုဂ္ဂိုလ်ကလည်း အနတ္တမို့ သူကအရင် ဆုံးရှုံးချင်လည်း ဆုံးရှုံးမယ်၊ အပြော ကျန်ရစ်မယ် (မှန်လှပါ) ဒီကတည်းက အမှန်မဟုတ်လို့ပေါ့ ဒါဖြင့်အမှန်တရားလိုက်ကြပါ။

အမှန်တရားဆိုတော့ မဂ္ဂသစ္စာ မဂ္ဂက- ခရီးမှန် သစ္စာက မှန်တာ၊ မဂ္ဂကခရီး၊ သစ္စာကမှန်တာ ဒါဖြင့် ခရီး မှန်လမ်းမှန်ဖြင့် မဂ်ဉာဏ်ပဲရှိမယ်။

မောင်ချစ်ဆွေ၊ ခရီးမှန်လမ်းမှန်ကဖြင့် ဘာတုံး (မဂ်ဉာဏ်ပါဘုရား) မဂ္ဂသာရှိတဲ့အခါကျတော့ သူ့ကိုသာ ဉာဏ်အောက်ကို အရောက်သွင်းလိုက်လို့ရှိရင်ဖြင့် ဘုန်းကြီး တို့ ဒကာဒကာမတွေ၌ ခရီးမှန်လမ်းမှန်တွေ ဘယ်သူပြော တာမှ မဟုတ်ဘူး၊ သူကိုယ်တိုင်ကဆောင်တာ၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဉာဏ်အောက်မသွင်းမိမှာစိုးရိမ်တယ်

သူကလောကွတ်ပါသေးရဲ့လား (မပါပါဘူး) အဲတော့ ဘုန်းကြီးစိုးရိမ်တာက ဒကာဒကာမတွေကိုတဲ့ ဘယ်လိုစိုးရိမ် သလဲလို့မေးလို့ရှိရင်ဖြင့် ဉာဏ်အောက်ကို ရောက်အောင် မသွင်းမိမှာဘဲ စိုးရိမ်တယ်။

ဝေဒနာက ဖြစ်ပျက်တွေတော့ပြမှာပဲ၊ ပြတဲ့အချိန် တိုင်း ခင်ဗျားတို့က ဉာဏ်အောက်ရောက်အောင် မသွင်းမိပြီ

ဆိုမှဖြင့် ဝေဒနာက တဏှာဘက်သွားမှာပဲ။

တဏှာဘက်သွားတော့ ဥပါဒါန်ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏဆိုတော့ သေမင်းထိုးအပ်လိုက်တယ်၊ ကြောက်စရာ ဘယ်လောက်ကောင်းသလဲ (ကောင်းပါတယ် ဘုရား)။

ဒါဖြင့် ဉာဏ်အောက်ရောက်အောင် သွင်းလို့ရှိရင်ဖြင့် သေမင်းထိုးအပ်သေးရဲ့လား (မအပ်ပါဘုရား)။

ဉာဏ်အောက်ရောက်အောင် မသွင်းလို့ရှိရင်ဖြင့် ဝေဒနာပစ္စယာတဏှာ ဝေဒနာနောက်က ဉာဏ်မလာပဲနဲ့ တဏှာလာတယ်။ အဲဒီတဏှာလာပြီဆိုမှဖြင့် ဥပါဒါန်၊ ဘဝ၊ ဇာတိဇရာမရဏဆိုတော့ တဏှာက သေမင်းထိုးမအပ်ဘူးလား (အပ်လိုက်ပါတယ်ဘုရား)။

အဲဒီကျရင်ဖြင့် ဘုန်းကြီးတို့က မတတ်နိုင်ဘူး။

ဉာဏ်အောက်ကိုသာ သွင်းမယ်ဆိုရင်ဖြင့် သေမင်းလက်တွင်းက လွတ်ကင်းတယ်ဆိုတာ ရဲဝင့်စွာ တာဝန်ခံတယ် (မှန်လှပါဘုရား)။

ဒါဖြင့် နေတတ်ကြပြီလား (နေတတ်ပါပြီဘုရား) ဘယ်သူ့အားကိုးမယ် (ဝိပဿနာဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်အားကိုး။

ဘယ်သူကပြောပြော မယုံနဲ့နော် (မယုံပါဘုရား) အေး ပြောလို့ရှိရင်ဖြင့် တစ်ဖက်နားနဲ့သာ ထားလိုက်ပါ။

ခင်ဗျားတို့ ထုံးစံအတိုင်း ပေါ့ဗျာ။

သူကတော့ ပြောရှာတယ် ကျုပ်က အယုံအကြည်မရှိတော့ တစ်ဖက်နားထားလိုက်တာပေါ့ဗျာ၊ အဲဒီတစ်ဖက်နားလေးကို ဒီနေရာသုံးပစ်စမ်းပါ။ ရိပ်မိ ပလား (ရိပ်မိပါပြီ)။

## လိပ်လိုနေရမယ်

ဒီလိုဆိုရင် ဘာကြောင့်ကြစရာရှိသေးလဲ (မရှိပါဘူးရား)။

ကဲ- ဘယ်လိုနေကြမယ် ဒါဖြင့် (လိပ်လိုနေပါမယ်ဘုရား) လိပ်လိုနေရမယ် ဘယ်အပေါက်ကလာလာ ခြေထောက်ကလာလည်း ဉာဏ်အောက်သွင်း လိပ်ခွံအောက်သွင်းသလို ဘယ်ဝေဒနာလာလာ ဉာဏ်အောက်ရောက်အောင်လုပ်လိုက်လို့ရှိရင် ကိစ္စပြီးပါတယ်လို့ ဆုံးဖြတ်ချက်ချ (ချပါမယ်ဘုရား)။

## မျက်ရည်ကျ ခာတ်ကို သိမ်းကြပါ

ကိစ္စပြီးတာလည်း ကုမာရကဿဖမယ်တော်မှာ သူ့ကိုယ်သူ အားကိုးပြီး ဉာဏ်အောက်ရောက်အောင်သွင်းလိုက်တာနဲ့ ဘယ်သူ့မှ အားမကိုးတော့ဘူး။

သူ့ဉာဏ်လေးသူအားကိုးလိုက်ပြီးသကာလ ဒီနေ့ည

အားကိုးလိုက်တယ် ဒီနေ့ည ခရီးပေါက်တယ်၊ ဟိုအား မကိုးခင်တုံးကတော့ မျက်ရည်ကျတယ်။

ကဲ- မျက်ရည်ကျမလား မင်္ဂလာကြိုက်သလား (မင်္ဂလာကြိုက်ပါတယ်ဘုရား) မင်္ဂလာကြိုက်လို့ရှိရင် မျက်ရည်ကျဇာတ်ကို သိမ်းကြပါတော့ ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ကဲ- ဒီနေ့ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု . . . ။